
mgyoe.com

SAMPLE BOOK

# ကော်ဖီတွေ အေးမသွားခင်

မျိုးကျော်ဝင်း



# Before The Coffee Gets Cold

Toshikazu Kawaguchi

mgyoe.com

mgyoe.com SAMPLE BOOK

သင် အတိတ်ကို သွားခွင့်ရမယ်ဆို
ဘယ်သူနဲ့ ပြန်တွေ့ချင်ပါသလဲ ...

# ကော်ဖီတွေ အေးမသွားခင်

မျိုးဇော်ဝင်း



ISBN 978-99971-44-52-2
K0440
9 789997 144522 >

mgyoe.com

ဒီနိုင်းတုံ့ဘွယ်ဝင်

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဖေဖော်ဝါရီ လ၊ ၂၀၂၁ ခုနှစ်။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အတွင်းပုံနှိပ် အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- အံ့ဘွယ်ဇင်

တန်ဖိုး - ၄၂၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# Before The Coffee Gets Cold
## Toshikazu Kawaguchi



# ကော်ဖီတွေ
## အေးမသွားခင်

**မျိုးဇော်ဝင်း** (ဘာသာပြန်သည်)

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာစာ

Time Travel (အချိန်ခရီးသွားခြင်း) ဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံသား အများစုနဲ့ သိပ်ရင်းနှီးတဲ့ စကားလုံး မဟုတ်ခဲ့ဘူး။ ဒါပေမဲ့ ဒီဘက်ခေတ်မှာ Time Travel ရုပ်ရှင်တွေ၊ စာအုပ်တွေ အများအပြား ထွက်ရှိလာခဲ့တာမို့ အခုလောက်ဆို အချိန်ခရီးသွားခြင်းက ဘယ်လိုဆိုတာ အတော်များများ သိနေကြပါပြီ။ အထူးသဖြင့် လူငယ်တွေပေါ့။

အချိန်ခရီးသွားခြင်းရဲ့ အခြေခံသဘောတရားကို နားလည် လွယ်အောင် ပြောရမယ် ဆိုရင် လူတစ်ယောက်က အတိတ်ကနေ ပစ္စုပ္ပန်ကို ပြန်သွားတာ။ ဒါမှမဟုတ် အနာဂတ်ကို ကြိုသွားတာမျိုးပေါ့။ ဒါပေမဲ့ ကမ္ဘာကြီးက ပုံမှန်အတိုင်း လည်ပတ်နေမယ်။ ပစ္စုပ္ပန်က ပစ္စုပ္ပန်အတိုင်းပဲ ရှိနေမယ်။ အဲဒီလူ တစ်ယောက်တည်းကသာ အတိတ်၊ သို့မဟုတ် အနာဂတ်ကို ရောက်သွားတာမျိုးပါ။

အဲဒီလို သွားလို့ ရတယ် ဆိုပြီး သိပ္ပံနည်းအရ သက်သေတွေ ပြကြပေမယ့် လက်တွေ့မှာတော့ ဘယ်သူမှ မသွားနိုင်ကြသေးဘူး။ အတိတ်ကို ပြန်သွားခဲ့တယ်၊ အနာဂတ်ကနေ ပြန်လာတယ်၊ စသည်ဖြင့် ပြောတဲ့သူတွေ သမိုင်းမှာ ရှိခဲ့ပေမယ့် လက်ဆုပ်လက်ကိုင် သက်သေမပြနိုင်ခဲ့ကြဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့် အချိန်ခရီးသွားတာက ဒီကနေ့အထိ ပဟေဠိတစ်ခုအဖြစ် ရှိနေတယ်။

အချိန်ခရီးသွား နိုင်ငံခြားဝတ္ထုတွေ အများအပြား ရှိပေမယ့် ကျွန်တော် သိသလောက် ပြောရမယ်ဆိုရင် မြန်မာဘာသာပြန်အနေနဲ့ တစ်အုပ်တည်း ထွက်ဖူးသေးတယ်။ အဲဒါက Herbert George Wells ရဲ့ ၁၈၉၅ ခုနှစ်ထုတ် The Time Machine ဆိုတဲ့ ဝတ္ထုကို ဆရာကြီး ရွှေဥဒေါင်း ဘာသာပြန်ဆိုခဲ့တဲ့ 'ကာလယန္တရား' အမည်နဲ့ စာအုပ်ပါ။

အချိန်ခရီးသွားခြင်းနဲ့ ပတ်သက်ပြီး ရုပ်ရှင်တစ်ကားနဲ့ တစ်ကား၊ စာအုပ်တစ်အုပ်နဲ့ တစ်အုပ် ယူဆချက်တွေ မတူညီကြဘူး။ ဒီစာအုပ်ထဲက ယူဆချက်တွေဟာလည်း တခြားစာအုပ်တွေ၊ ရုပ်ရှင်တွေနဲ့ မတူညီတာကို တွေ့ရတယ်။

တိုကျိုမြို့ရဲ့လမ်းကြိုလမ်းကြား တစ်နေရာမှာရှိတဲ့ မြေအောက်ကော်ဖီဆိုင် သေးသေးလေးတစ်ဆိုင်က ဧည့်သည်တွေကို တစ်မူထူးခြားတဲ့ ဝန်ဆောင်မှု တစ်ခု ပေးတယ်။ အဲဒါက အတိတ်၊ ဒါမှမဟုတ် အနာဂတ်ကို သွားပြီး ကိုယ်တွေ့ချင်တဲ့ လူတစ်ယောက်နဲ့ တွေ့ဆုံခွင့်ပေးတာပါပဲ။ ဒါပေမဲ့ စည်းမျဉ်းတွေ၊ သတ်မှတ်ချက်တွေ ရှိနေတာကြောင့် ကော်ဖီဆိုင် လာတဲ့ ဧည့်သည်တိုင်းက အဲဒီအတွေ့အကြုံကို ခံစားခွင့် မရကြဘူး။

လူလေးယောက်ကတော့ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် အချိန်ခရီးသွားဖို့ ဖြစ်လာခဲ့တယ်။ အဲဒီလူလေးယောက်က တစ်ယောက်နဲ့ တစ်ယောက် တစ်နည်းနည်းနဲ့ ပတ်သက်ဆက်နွယ်နေကြပေမယ့် ဇာတ်လမ်းတွေကတော့ တစ်ပုဒ်နဲ့ တစ်ပုဒ် မတူညီကြလို့ ဆက်စပ်မှု မရှိတဲ့ ဝတ္ထုလတ် လေးပုဒ်ကို ဖတ်ရသလို ခံစားရစေပါလိမ့်မယ်။ စာအုပ်တစ်အုပ်လုံးက ကော်ဖီဆိုင် သေးသေးလေးထဲမှာပဲ ပြီးသွားတာဟာ ဒီစာအုပ်ရဲ့ ထူးခြားချက်တွေထဲက တစ်ခုလို့ ပြောနိုင်တယ်။ အချိန်ခရီးသွား ဝတ္ထု ဆိုသော်ငြားလည်း Scifi ထက် Drama ပိုဆန်ပါတယ်။

ဒီဝတ္ထုကို ၂၀၁၈ ခုနှစ်တုန်းက Café Funiculi Funicula နာမည်နဲ့ ရုပ်ရှင်ပြန်ရိုက်ခဲ့တာ အတော်လေး အောင်မြင်ခဲ့တယ်။ 10th Suginami

mgyoe.com

mgyoe.com SAMPLE BOOK

Drama Festival မှာ ဆုရခဲ့တယ်၊ ဒါပေမဲ့ ရုပ်ရှင် ဘယ်လောက်ကောင်းကောင်း ဝတ္ထုအသွားကို ဘယ်လိုမှ လိုက်မမီတာ ထုံးစံပါပဲ။ ရုပ်ရှင်နဲ့ စာအုပ် မတူညီတဲ့ အချက်တွေလည်း အများကြီး တွေ့ရတယ်။

သင်တို့ကော အတိတ်ကို သွားခွင့်ရမယ် ဆိုရင် ဘယ်သူနဲ့ ပြန်တွေ့ချင်ပါသလဲ။ ဒါမှမဟုတ် အနာဂတ်ကို သွားခွင့်ရမယ်ဆို ဘာတွေ ကြိုသိချင်ပါသလဲ။

ဒါပေမဲ့... ကော်ဖီတွေ အေးမသွားခင် ပြန်လာခဲ့ဖို့တော့ လိုပါမယ်။

မျိုးဇော်ဝင်း

mgyoe.com

mgyoe.com
SAMPLE BOOK



တိုရှိကာဇူ ကာဝဂူချိကို ၁၉၇၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၌ မွေးဖွားခဲ့သည်။ ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ စာရေးဆရာ ဖြစ်သည်။ သူရေးခဲ့သော ပြဇာတ်များအနက် Couple , Sunset Song နှင့် Family Time တို့မှာ ထင်ရှားသည်။ Before The Coffee Gets Cold ဝတ္ထုမှာ ဂျပန်နိုင်ငံတွင် ရောင်းအား အကောင်းဆုံး စာအုပ်စာရင်း ဝင်ခဲ့သလို English Version သည်လည်း နိုင်ငံတကာ၌ အုပ်ရေ တစ်သန်းကျော် ရောင်းကုန်ထားပြီး ဖြစ်သည်။ ဤဝတ္ထုကို ၂၀၁၈ ခုနှစ်က Café Funiculi Funicula အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့ရာတွင်လည်း အောင်မြင်ခဲ့ပြီး ၁၀ ကြိမ်မြောက် ကျင်းပသော Suginami Drama Festival ၌ ဆုရရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ဦးဇော်ဝင်း၊ ဒေါ်ဌေးဌေးမြင့်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း ၂ ဦးအနက် အငယ်ဆုံး ဖြစ်သည်။ ရန်ကုန်မြို့ အမက (၂) ပန်းပဲတန်း၊ အထက (၁) လသာ၊ အထက (၁) ဒဂုံတို့တွင် အတန်းပညာ သင်ကြားခဲ့သည်။ တက္ကသိုလ်ဝင် စာမေးပွဲကိုဂုဏ်ထူး ၄ ဘာသာဖြင့် အောင်မြင်ခဲ့သည်။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် Mechanical Engineering ဘာသာရပ်ကို ဆည်းပူးခဲ့ပြီး တတိယနှစ်တွင် ကျောင်းထွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် စာပေလောကထဲ ဝင်ရောက်ခဲ့သည်။ A Game Of Thrones (ပလ္လင်ထက်မှ ကစားပွဲ) , A Clash Of Kings (ဘုရင်ငါးပါးနှင့် ပဋိပက္ခများ) , The Ice Dragon (ရေခဲနဂါး) , The Hedge Knight (လမ်းတေလေ သူရဲကောင်း) , The Sworn Sword (သစ္စာရှင် သူရဲကောင်း) , If Cats Disappeared From The World (ကြောင်တွေမရှိတဲ့ကမ္ဘာ) , The Travelling Cat Chronicles (ကြောင်တေလေရဲ့ ခရီးသွားမှတ်တမ်း) စသည့် စာအုပ်များကို ဘာသာပြန်ဆို ရေးသားခဲ့သည်။ လက်ရှိတွင် မလေးရှားနိုင်ငံ၌ နေထိုင်ရင်း စာရေးသားလျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

# ချစ်သူနှစ်ယောက်

"အိုး ... နောက်ကျနေပြီပဲ၊ ဆောရီး ... သွားရတော့မယ်"

အမျိုးသားသည် မတ်တတ်ထရပ်၍ သူ့အိတ်ကို လှမ်းယူရင်း မပွင့်တပွင့် ပြောသည်။

"ဟင်"

အမျိုးသမီးက သူ့ကို သံသယ မျက်လုံးများနှင့် စိုက်ကြည့်နေသည်။ 'လမ်းခွဲကြရအောင်' ဟူသည့် စကားလုံးမျိုး သူ့နှုတ်မှ ယခုတိုင် မထွက်သေးပါ။

အလေးအနက် ပြောရမည့် ကိစ္စတစ်ခု ရှိနေသည်ဟု ဆိုကာ ကော်ဖီဆိုင်တစ်ဆိုင်၌ တွေ့ရန် သုံးနှစ်တိုင်တိုင် တွဲလာခဲ့သည့် သူ့ရည်းစားကို ဖုန်းဆက်ခေါ်သည်။ ထို့နောက် အမေရိကားသို့ သွားရောက်၍ အလုပ်လုပ်တော့မည်ဟု ရုတ်တရက် ပြောသည်။ နာရီပိုင်းအတွင်း သွားရတော့မည် ဆိုခြင်းက မယုံနိုင်စရာ ဖြစ်သည်။

'လမ်းခွဲကြရအောင်' ဆိုသော စကားကို မကြားရသေးသည့်တိုင် အလေးအနက် ပြောရမည့် ကိစ္စသည် လမ်းခွဲ ပြတ်စဲခြင်း အဓိပ္ပာယ်ကို ဖော်

mgyoe.com

ဆောင်နေကြောင်း ယခုတော့ သူ သိလိုက်ပြီ။ အလေးအနက် ပြောရမည့် ကိစ္စသည် လက်ထပ်ခွင့် တောင်းခြင်း ဖြစ်မည်လောဟု စိတ်ကူးယဉ်မိခြင်းကို သူ စိတ်ပျက် ဒေါသထွက်မိသည်။

"ဘာလဲ"

အမျိုးသားက ခြောက်ကပ်ကပ် ပြောသည်။ သူက အမျိုးသမီး၏ မျက်လုံးများကို လုံးဝ မကြည့်ပါ။

"အနည်းဆုံးတော့ ရှင်းပြသင့်တယ်လို့ မထင်ဘူးလား"

အမျိုးသမီးကအမျိုးသားကိုမနှစ်မြို့သည့်လေသံနှင့်ပြောလိုက်သည်။

သူတို့သည် ပြတင်းပေါက်မဲ့ မြေအောက်ကော်ဖီဆိုင်ထဲတွင် ဖြစ်သည်။ မျက်နှာကြက်မှ တွဲလောင်းချိတ်ဆွဲထားသော မီးအိမ်ခြောက်ခုနှင့် ဝင်ပေါက်အနီးရှိ တစ်ခုတည်းသော နံရံကပ်မီးအိမ်တို့မှ ပေးစွမ်းသော အလင်းရောင်သာ ရှိသည်။ ဆိုင်အတွင်းပိုင်း နံရံများက ညစ်ထေးနေသည်။ နာရီ မပါသွားလျှင် နေ့လား၊ ညလား ပြောနိုင်မည် မဟုတ်ပေ။

ကော်ဖီဆိုင်ထဲတွင် ရှေးဟောင်း နံရံကပ်နာရီကြီး သုံးလုံး ရှိသော်လည်း နာရီလက်တံများက မတူညီသော အချိန်ကို ပြနေသည်။ ရည်ရွယ်ချက်ရှိရှိ လုပ်ထားခြင်းလော၊ ပျက်နေခြင်းလော၊ ပထမဆုံးအကြိမ် လာရောက်သည့် ဧည့်သည်များ သိလိမ့်မည် မဟုတ်။ အချိန်အမှန်ကို သိချင်ပါက သူတို့၏ နာရီ များကိုသာ ကြည့်ရပေမည်။

အမျိုးသားကလည်း ထိုအတိုင်း လုပ်သည်။ နာရီကို ငုံ့ကြည့်စဉ်မှာပင် သူ့လက်ချောင်းများက ညာဘက်မျက်ခုံး အပေါ်နားကို ပွတ်သပ်နေသည်။ သူ့အောက်နှုတ်ခမ်းက မသိမသာ ငေါ်ထွက်လာသည်။

ထိုအမူအရာသည် သူ ဒေါသထွက်သည့် ပုံစံဖြစ်ကြောင်း အမျိုးသမီး သိလိုက်သည်။

"ဘာလို့ ဒီလိုမျိုး ကြည့်နေတာလဲ၊ မသိရင် ငါကပဲ နာကျင်ခံစားရအောင် လုပ်နေသလိုမျိုး"

အမျိုးသမီးက လွတ်ခနဲ ပြောလိုက်သည်။

"မဟုတ်ပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသားက မလုံမလဲ ပြောသည်။

"ဟုတ်ပါတယ်"

သူ့အောက်နှုတ်ခမ်းက ထပ်မံ၍ ငေါထွက်လာသည်။ သူ ဘာမှ ပြန်မပြောပေ။ အမျိုးသမီး၏ စူးစိုက်အကြည့်ကို လျစ်လျူရှုထားသည်။

ထိုအမူအရာသည် အမျိုးသမီးအား ပို၍ ပို၍ ဒေါသထွက်လာစေ၏။ အမျိုးသမီးက မျက်မှောင်ကြုတ်လိုက်သည်။

"ငါ့ဘက်က အရင် ပြောစေချင်နေတာ မဟုတ်လား"

သူက ကော်ဖီခွက်ကို ကိုင်လိုက်သည်။ ကော်ဖီက အေးနေပြီ၊ ကော်ဖီမှ အပူအားလုံး ထွက်ခွာသွားပြီ ဖြစ်သလို သူ၏ သည်းခံနိုင်စွမ်းသည်လည်း မကြာခင် အငွေ့ပြန်သွားတော့မည်။

အမျိုးသားသည် လက်ပတ်နာရီကို တစ်ဖန် ပြန်ကြည့်ပြီး လေယာဉ်ထွက်မည့် အချိန်ကို တွက်ချက်လိုက်သည်။ သူ သိပ်မကြာခင် သွားရတော့မည်။ အခြေအနေကို ပိုကောင်းလာစေမည့် စကားမျိုး သူ့ဘက်က ပြန်မပြောနိုင်သဖြင့် သူ့လက်ချောင်းများက မျက်ခုံးမွေးဆီသာ ပြန်ရောက်သွားလေသည်။

အမျိုးသမီးသည် သူ့ကို မြင်တွေ့နေရခြင်းကြောင့် အတော်အတန် စိတ်ကသိကအောက် ဖြစ်လာပြီး ကော်ဖီခွက်ကို မတော်တဆ တိုက်မိသွားရာ ခွက်က အောက်ခံပန်းကန်ပြားပေါ် ခွပ်ခနဲ မှောက်သွားသည်။

ကျယ်လောင်သော အသံက အမျိုးသားကို ရုတ်တရက် ထိတ်ပျာသွားစေသည်။ မျက်ခုံးမွေး အပေါ်နားတွင် အလုပ်ရှုပ်နေသည့် သူ့လက်ချောင်းများသည် ဆံပင်များကို စတင်ခွဲတော့သည်၊ ခဏကြာသော် သူက အသက်ပြင်းပြင်း တစ်ချက်ရှိုက်သွင်းပြီး ပြန်ထိုင်၍ အမျိုးသမီး၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သူ့မျက်နှာသည် ငြိမ်သက်နေသည့် ကန်ရေပြင်အလား ရုတ်တရက် တည်ကြည်သွားသည်။

သူ့မျက်နှာထား လုံးဝ ပြောင်းလဲသွားသောကြောင့် အမျိုးသမီးမှာ အလွန် အံ့သြသွားသည်။ သူ ချက်ချင်း မျက်လွှာချပြီး ပေါင်ပေါ်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်များကို စိုက်ကြည့်လိုက်သည်။

နောက်ကျမှာကို စိုးရိမ်ပူပန်နေသည့် အမျိုးသားသည် အမျိုးသမီး မော့ကြည့်သည်အထိ မစောင့်နိုင်တော့ပေ။

mgyoe.com

"ဒီမှာ ကြည့်"

သူက ပြောသည်။ သူ့အသံက ယခင်ကလို ခပ်တိုးတိုး မဟုတ်တော့။

အမျိုးသမီးသည် သူ့နှုတ်ဖျားမှ ထပ်မံထွက်ပေါ်လာမည့် စကားလုံးတို့ကို တားဆီးလိုသည့်ပမာ –

"နင် ဘာလို့ မသွားသေးတာလဲ" ဟု မေးလိုက်သည်။ သို့သော် ခေါင်းမမော့သေး။

ဖြေရှင်းချက် လိုချင်နေသည့် အမျိုးသမီးသည် ယခုအခါ ထိုဖြေရှင်းချက်ကို ငြင်းဆန်လေသည်။ အမျိုးသားသည် ကမ္ဘာကြီး ခေတ္တခဏ ရပ်တန့် သွားသလို မလှုပ်မယှက် ထိုင်နေသည်။

"သွားဖို့ အချိန်ကျနေပြီ မဟုတ်ဘူးလား"

သူက ကလေးတစ်ယောက်လို ညည်းညည်းညူညူ ထပ်ပြောသည်။

အမျိုးသားသည် သူပြောသည့် စကားကို နားမလည်သည့်နှယ် တွေတွေကြီး ကြည့်နေသည်။

သူ့အသံသည် ကလေးဆန်ကာ မသာမယာ ဖြစ်နေကြောင်း အသိဝင်လာသဖြင့် အမျိုးသမီးက သက်သောင့်သက်သာ မရှိဟန် မျက်နှာလွှဲပြီး နှုတ်ခမ်းကို အသာကိုက်ထားလိုက်သည်။

အမျိုးသားက မတ်တတ်ရပ်လိုက်သည်။

"တစ်ဆိတ်လောက် ..... ပိုက်ဆံရှင်းချင်လို့ပါ"

သူက ကောင်တာဘေးတွင် မတ်တတ်ရပ်နေသည့် စားပွဲထိုး ကောင်မလေးကို ခပ်တိုးတိုး ပြောသည်။

စားပွဲထိုးကောင်မလေးက ပြေစာပေးရာ အမျိုးသားက လှမ်းယူလိုက်သည်။ ထိုစဉ် အမျိုးသမီး၏ လက်က ရုတ်တရက် ဝင်လာပြီး အမျိုးသား၏ လက်ကို အပေါ်မှဖိကာ ပြေစာကို ယူလိုက်သည်။

"ငါ မပြန်သေးဘူး၊ ခဏနေဦးမှာ ..... ငါ ပေးလိုက်မယ်"

အမျိုးသားက သူ့လက်ထဲမှ ဖျတ်ခနဲ ပြန်ဆွဲယူလိုက်ပြီး ငွေရှင်းကောင်တာဆီ လျှောက်သွားသည်။

"ငါ ပေးလိုက်မယ်လို့ ပြောနေတယ်လေ"

mgyoe.com

mgyoe.com SAMPLE BOOK


အမျိုးသမီးက ထိုင်ရာမှ မထဘဲ သူ့ကို လှမ်းဆွဲသည်။ သို့သော် မမီတော့ပါ။ အမျိုးသားက သူ့ကို လှည့်မကြည့်ပေ။ သူ့ပိုက်ဆံအိတ်ထဲမှ ယန်းတစ်ထောင်တန် တစ်ရွက် ထုတ်လိုက်သည်။

"ပြန်အမ်းငွေ မယူတော့ဘူး" ဟု ပြောပြီး ထိုပိုက်ဆံကို စားပွဲထိုးကောင်မလေး လက်ထဲသို့ ပြေစာနှင့်အတူ ပေးလိုက်သည်။

ထို့နောက် အမျိုးသားသည် အမျိုးသမီးကို ဝမ်းနည်းစွာ တစ်ချက်ကြည့်လိုက်ပြီး သူ့အိတ်ကို ကောက်ယူ၍ တံခါးပေါက်သို့ ဦးတည်သွားလေသည်။

"....... အဲဒါ ပြီးခဲ့တဲ့ တစ်ပတ်က ဖြစ်ခဲ့တာ"

'ဖူမိကို ကီယိုကာဝ' က ပြောပြသည်။

သူ့ခန္ဓာကိုယ် အပေါ်ပိုင်းသည် လေလျော့နေသည့် ဘောလုံးပမာ စားပွဲပေါ်တွင် ပုံလျက်သား မှောက်နေသည်။ အရုပ်ကြိုးပြတ် ပြိုလဲနေသော်လည်း အရှေ့တည့်တည့်တွင် မှောက်နေသည့် ကော်ဖီများ ပေမသွားအောင်တော့ သတိထားနေသည်။

စားပွဲထိုး ကောင်မလေးနှင့် ဧည့်သည်တစ်ယောက်သည် ဖူမိကို၏ ဇာတ်လမ်းကို နားထောင်ရင်း တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။

ဖူမိကိုသည် အထက်တန်းကျောင်း မပြီးခင်ကတည်းက ဘာသာစကား ခြောက်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသည်။ ဝါဆေဒါ တက္ကသိုလ်မှ ရမှတ်ကောင်းကောင်းနှင့် ဘွဲ့ရပြီးသောအခါ တိုကျိုမြို့ရှိ နာမည်ကြီး ဆေးဘက်ဆိုင်ရာ နည်းပညာကုမ္ပဏီ တစ်ခုတွင် အလုပ်ရခဲ့သည်။ အလုပ်ဝင်ပြီး ဒုတိယနှစ်တွင် စီမံကိန်း အများအပြားကို စီမံ ကိုင်တွယ်ရလေသည်။ သူသည် ထက်မြက်ပြီး အလုပ်ကြိုးစားသော အမျိုးသမီး ဖြစ်သည်။ ကိုယ် တာဝန်ယူထားသည့် အလုပ် အပေါ် တာဝန်ခံမှု အပြည့် ရှိသည်။

သည်နေ့တော့ ဖူမိကိုသည် ဘလောက်စ်အင်္ကျီ အဖြူရောင်၊ စကတ် အနက်ရောင်၊ အပေါ်အင်္ကျီ အနက်ရောင်နှင့် သာမန် စီးပွားရေး လုပ်ငန်းရှင်ပမာ ဝတ်ဆင်ထားသည်။ သူ့ဝတ်စားပုံအရ အလုပ်မှ တန်းလာကြောင်း သိသာသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သူသည် ချောလှသည်ဟု ဆိုရမည်။ နှုတ်ခမ်းခပ်ပါးပါးနှင့် သူ့မျက်နှာသည် ကြည်လင် ပြတ်သားသော ကြန်အင်လက္ခဏာများနှင့် ပြည့်နေသည်။ ဆံပင်သည် ရှေ့ချထားလျှင် ရင်ညွန့်အထိရှည်ပြီး နက်မှောင် တောက်ပြောင်သည်။ ဝတ်စားဆင်ယင်ပုံမှာ ရိုးရှင်းသော်လည်း တစ်မူထူးခြားသည့် ပုံပန်းသဏ္ဌာန်ကြောင့် လူများအကြား သိသာ ထင်ရှားသည်။ လူအားလုံး၏ အမြင်အာရုံကို ဆွဲယူဖမ်းစားနိုင်သော ဖက်ရှင်မဂ္ဂဇင်း မော်ဒယ်တစ်ယောက်နှင့် တူလှသည်။ ဉာဏ်ပညာနှင့် အလှတရားတို့ ပေါင်းစပ်ထားသည့် အမျိုးသမီး တစ်ယောက်ဟု သတ်မှတ်ရမည်။

ယခုပြဿနာကတော့ တစ်မျိုးတစ်ဖုံ ဖြစ်၏။ ဖူမီကိုသည် အချစ်နွံထဲ တဝဲလည်လည် ဖြစ်နေသူ မဟုတ်။ သူ့အတွက် အလုပ်သည်သာ ပထမ၊ အလုပ်သည်သာ ဒုတိယဟု မှတ်ယူထားသည်။ သို့သော် တစ်ကြိမ်တစ်ခါမှ ရည်းစားမထားဖူးသူလည်း မဟုတ်ပါ။ သူနှင့် တွဲခဲ့ဖူးသော ယောကျ်ားလေးများသည် သူ့ လောက် အလုပ်ကို မမက်မောကြချေ။ အလုပ်သည် သူ့ရည်းစား၊ သူ့ရည်းစားသည် အလုပ် ဖြစ်သည်ဟု စိတ်ထဲ မှတ်ယူထားသည်။ သူ့ကို ချဉ်းကပ်လာသည့် ယောကျ်ားများစွာကို ကိုယ်ပေါ် လာကပ်သည့် ဖုန်များကို ခါသည့်နှယ် ခါထုတ်ခဲ့သူလည်း ဖြစ်ပေသည်။

ယခု သူပြောပြနေသည့် အမျိုးသားသည် 'ဂိုရို ကာတာဒ' ဖြစ်သည်။ ဂိုရိုသည် နည်းစနစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာ ဖြစ်သည်။ ဖူမီကိုနှင့် တူသည်မှာ သူသည်လည်း ဆေးဝါးကုမ္ပဏီ တစ်ခုတွင် အလုပ်လုပ်နေခြင်းပင်။ နာမည်ကြီးကုမ္ပဏီတော့ မဟုတ်။ သူက ဖူမီကို၏ ရည်းစား ဖြစ်သည်။ ဖူမီကိုထက် သုံးနှစ်ငယ်သည်။ သူတို့နှစ်ယောက်သည် လွန်ခဲ့သော နှစ်နှစ်က အလုပ်ရှင်တစ်ဦး၏ စီမံကိန်းတစ်ခုကို ပူးပေါင်း ကိုင်တွယ်ရင်း တွေ့ခဲ့ကြသည်။

လွန်ခဲ့သော တစ်ပတ်က ဂိုရိုသည် လူချင်းတွေ့ပြီး အလေးအနက် ပြောရမည့် ကိစ္စတစ်ခု ရှိသည်ဟု ဆိုကာ ဖူမီကို့ကို ဖုန်းဆက်ခဲ့သည်။ ထိုအခါ ဖူမီကိုသည် ပန်းရောင်ဖျော့ဖျော့ ဂါဝန်၊ သနပ်ခါးရောင် ကုတ်အင်္ကျီတို့ကို ဝတ်ဆင်ပြီး ချိန်းထားသည့် နေရာသို့ သွားသည်။ ဖြတ်သွား ဖြတ်လာ ယောကျ်ားတိုင်း သူ့ကို ကြည့်မိကြသည်။ ထိုပုံစံက သူ၏ ပုံစံအသစ်လည်း ဖြစ်သည်။

mgyoe.com

 SAMPLE BOOK 

သူသည် အလုပ်ဖွဲလမ်းသူ ဖြစ်သောကြောင့် ဂိုရိုနှင့် မတွေ့ခင်အထိ ရုံးတက် အဝတ်အစားမှလွဲ၍ တခြား မရှိပေ။ ဂိုရိုနှင့် ချိန်းတွေ့ပါသော်လည်း အများစုက အလုပ်ဆင်းချိန်များ ဖြစ်ရာ ရုံးတက် အဝတ်အစားနှင့်သာ ဖြစ်နေတတ်သည်။

ဂိုရိုက အလေးအနက် ပြောရမည့် ကိစ္စတစ်ခုဟု ဆိုခဲ့သောကြောင့် ဖူမိကိုသည် အကောင်းဘက် တွေးကာ ထူးထူးခြားခြား ပြင်ဆင်သွားသည်။ သူနှင့် မတွေ့ခင် အပြင်ထွက်၍ အဝတ်အစား အသစ် ဝယ်သည်။

ချိန်းဆိုထားသည့် ကော်ဖီဆိုင်သို့ ဖူမိကိုနှင့် ဂိုရိုတို့ ရောက်သွားသော် မှန်တံခါး၌ ဆိုင်ပိတ်ထားကြောင်း ရေးထားသည်။ သူတို့နှစ်ယောက်လုံး စိတ်ပျက် သွားကြ၏။ ထိုကော်ဖီဆိုင်သည် စားပွဲတစ်ဝိုင်းကို အကန့်တစ်ခု ခွဲပေးထား သောကြောင့် အရေးကြီးစကားများကို လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ပေသည်။

သူတို့သည် ရွေးချယ်စရာ မရှိတော့သည့်အဆုံး သင့်တော်မည့်နေရာ ကို ရှာကြရာ ဆိတ်ငြိမ်သော လမ်းသွယ်တစ်ခု၌ ဆိုင်းဘုတ်အသေးလေး တစ်ခု ကို သတိထားမိသွားကြသည်။ မြေအောက် ကော်ဖီဆိုင် ဖြစ်သဖြင့် အတွင်း၌ မည်သည့်ပုံစံ ရှိမည်ဆိုတာ သူတို့ မသိကြပေ။ ဆိုင်နာမည်သည် သူငယ်ငယ် တုန်းက သီဆိုလေ့ရှိသော သီချင်းစာသားမှ ဖြစ်သောကြောင့် ဖူမိကိုက စိတ်ဝင် စားသွားပြီး ထိုဆိုင်ကို သွားရအောင်ဟု သူ့ရည်းစားကို တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

ဖူမိကိုသည် ထိုဆိုင်အတွင်းသို့ ချောင်းကြည့်လိုက်သည်နှင့် သူ့ ဆုံးဖြတ်ချက်ကို နောင်တရသွားသည်။ ကော်ဖီဆိုင်သည် သူထင်ထားသည်ထက် ကျဉ်းနေသည်။ ကောင်တာနှင့် စားပွဲများတော့ ရှိသည်။ သို့သော် တစ်ယောက် ထိုင်ခုံ သုံးခုံ ချထားသော ကောင်တာစားပွဲနှင့် နှစ်ယောက်ထိုင်စားပွဲ သုံးလုံးသာ ရှိသဖြင့် ဧည့်သည်ကိုးယောက်သာ ဆံ့ပေသည်။

ဖူမိကိုသည် လွတ်နေသည့် တစ်ခုတည်းသော စားပွဲဝိုင်းသို့ ရင်ဖိုစွာ လျှောက်သွားပြီး ထိုင်လိုက်သည်။ ဆိုင်ထဲတွင် အခြားဧည့်သည် သုံးယောက်နှင့် စားပွဲထိုးကောင်မလေး တစ်ယောက်တို့ ရှိနေသည်။

အဝေးဆုံး စားပွဲတွင် အဖြူရောင် ဂါဝန်အတိုနှင့် အမျိုးသမီးတစ်ယောက် ငြိမ်ငြိမ်ကလေး စာထိုင်ဖတ်နေသည်။ ဆိုင်တံခါးပေါက်နှင့် အနီးဆုံး စားပွဲတွင်

mgyoe.com

mgyoe.com

မှန်ကုပ်ကုပ် မျက်နှာထားနှင့် အမျိုးသားတစ်ယောက် ထိုင်နေသည်။ စားပွဲပေါ်တွင် ခရီးသွား မဂ္ဂဇင်းတစ်အုပ် ဖွင့်ထားသည်။ သူက မှတ်စုစာအုပ် သေးသေးလေးတွင် တစ်ခုခု ရေးမှတ်နေ၏။ ကောင်တာတွင် ထိုင်နေသော အမျိုးသမီးသည် အနီတောက်တောက် လက်ပြတ်အင်္ကျီ၊ အစိမ်းရောင် အသားကပ် ဘောင်းဘီတို့ ဝတ်ထားသည်။ လက်ပြတ်ကီမိုနိုဝတ်ရုံကို ထိုင်ခုံအနောက်တွင် ချိတ်ထားသည်။ ခေါင်းတွင် (ဆံပင်ကောက်ရာတွင် အသုံးပြုသော) ဘီးလိပ်များကို တပ်ထားသည်။ သူက ဖူမီကို့ကို ဖျတ်ခနဲ ကြည့်လိုက်ပြီး သွားပေါ်အောင် ပြုံးပြသည်။ ဖူမီကိုနှင့် ဂိုရိုတို့ စကားပြောနေသည့် အခါတွင်လည်း စားပွဲထိုး ကောင်မလေးကို ရံဖန်ရံခါ မှတ်ချက်ပေးကာ ကျယ်ကျယ်လောင်လောင် ရယ်ခဲ့သေးသည်။

"ဪ ... သိပြီ"

ဆံပင်တွင် ဘီးလိပ်များ တပ်ထားသည့် အမျိုးသမီးသည် ဖူမီကို ရှင်းပြနေတာကို နားထောင်ရင်း ပြောသည်။ တကယ်တမ်းတော့ သူ ဂဃနဏ သိသည် မဟုတ်။ အလိုက်အထိုက် တုံ့ပြန် ပြောဆိုခြင်းသာ ဖြစ်သည်။

သူ့နာမည်က 'ယဲကို ဟီရိုင်း' ... ကော်ဖီဆိုင်ကို ပုံမှန်လာနေကျ ဖောက်သည်တစ်ယောက် ဖြစ်သည်။ မကြာသေးခင်ကမှ အသက်သုံးဆယ် ပြည့်ခဲ့သည်။ သူက ဘားတစ်ခု ဖွင့်ထားသည်။ သူသည် အလုပ်မသွားခင်တိုင်း ကော်ဖီတစ်ခွက် ဝင်သောက်တတ်၏။ ယနေ့လည်း သူ့ခေါင်းပေါ်တွင် ဘီးလိပ်များ တပ်ထားသည်။ သည်နေ့တော့ အဝါရောင် (Tube Top) ရင်စည်းအင်္ကျီ၊ အနီရဲရဲ မီနီစကတ်နှင့် ခရမ်းတောက်တောက် အသားကပ် ဘောင်းဘီတို့ကို ဝတ်ထားသည်။

ဟီရိုင်းသည် ကောင်တာရှိ ထိုင်ခုံတစ်ခုံတွင် ခြေချိတ်ထိုင်ကာ ဖူမီကို ပြောပြနေသည့် အကြောင်းအရာများကို နားထောင်နေသည်။

"ပြီးခဲ့တဲ့ တစ်ပတ်တုန်းကလေ၊ မှတ်မိတယ် မဟုတ်လား"

ဖူမီကိုက ကောင်တာ အနောက်တွင် ရပ်နေသည့် စားပွဲထိုး ကောင်မလေးကို ရည်ရွယ်၍ ပြောသည်။

mgyoe.com

m gyoe.com

SAMPLE BOOK


"အင်း"

စားပွဲထိုးကောင်မလေးက ဖူမိကို့မျက်နှာကို မကြည့်ဘဲ အင်တင်တင် ပြန်ဖြေသည်။

သူ့နာမည်က 'ကာဇူ တိုကီတ' ... ကော်ဖီဆိုင်ပိုင်ရှင်၏ ညီမတစ်ဝမ်းကွဲ ဖြစ်သည်။ သူသည် တိုကျိုတက္ကသိုလ်၌ အနုပညာ ဘာသာရပ်ကို လေ့လာသင်ယူနေရင်း သည်ဆိုင်တွင် စားပွဲထိုး လုပ်နေသည်။ ဖြူဖျော့သော အသားအရေ၊ ကျဉ်းမြောင်းသော ဗာဒံစေ့သဏ္ဍာန် မျက်လုံးတို့ဖြင့် ချောမောသည်။ သို့သော် မှတ်မိလွယ်သည့် မျက်နှာမျိုးတော့ မဟုတ်။ ဖျတ်ခနဲ မြင်ပြီး နောက်ပိုင်း မျက်စိမှိတ်ကာ အတွေးထဲ ပုံဖော် မြင်ယောင်ကြည့်ရန် မလွယ်ကူသော မျက်နှာမျိုး ဖြစ်ပေသည်။ သူက ဖူမိကို့လို သိသာ ထင်ရှားသူ မဟုတ်ပေ။ မိတ်ဆွေ သူငယ်ချင်း များများစားစား မရှိ။ သို့သော် သူသည် အပေါင်းအသင်း မက်သူ မဟုတ်သဖြင့် ထိုအချက်ကို မစိုးရိမ်ပါ။

"အဲဒီတော့ ... သူကော၊ သူ ဘယ်ရောက်သွားပြီလဲ"

ဟီရိုင်းသည် ကော်ဖီခွက်ကို လက်ထဲ ကစားရင်း မေးသည်။ သူ့ကြည့်ရတာ စိတ်ဝင်စားပုံ သိပ်မရချေ။

"အမေရိကားမှာ"

ဖူမိကိုက လေမှုတ်ထုတ်လိုက်သည်။

"ဒီတော့ ရှင့်ရည်းစားက အလုပ်ကို ရွေးချယ်လိုက်တယ်ပေါ့"

ဟီရိုင်းက ပြဿနာ၏ အဓိကအချက်ကို မီးမောင်းထိုးပြသည်။

"ဟင့်အင်း ... အဲဒီလို မဟုတ်ပါဘူး"

ဖူမိကိုက ငြင်းသည်။

"မဟုတ်ဘူးလား၊သူရှင့်ကိုထားပြီးအမေရိကားထွက်သွားတယ်လေ"

"ကျွန်မ ရှင်းပြတုန်းက ရှင် သဘောမပေါက်ဘူး ထင်တယ်၊ မသွားပါနဲ့လို့ ကျွန်မ အော်ပြောချင်ခဲ့တယ်၊ ကျွန်မ တားလို့ ရကောင်း ရနိုင်တယ်၊ ဒါပေမဲ့ ကျွန်မ မာနက ခွင့်မပြုခဲ့ဘူး"

"မိန်းမအနည်းစုလောက်ပဲ ဒါမျိုး ဝန်ခံရဲကြတာ"

ဟီရိုင်းက မျက်နှာလွှဲကာ ကျိတ်ရယ်ရင်း ကျောမီ ထိုင်လိုက်ရာ ဟန်ချက်ပျက်၍ ပက်လက်လန်ကျမလို ဖြစ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖူမီကိုက ဟီရိုင်း၏ တုံ့ပြန်မှုကို လျစ်လျူရှုလိုက်သည်။

ထို့နောက် သူ့ကိုများ ကာဇူ ထောက်ခံမလားဟု တွေးပြီး –

"ရှင်သဘောပေါက်တယ် မဟုတ်လား" ဟု စားပွဲထိုး ကောင်မလေးကို မေးလိုက်သည်။

ကာဇူက တစ်ခဏ စဉ်းစားဟန်ဆောင်ပြီး –

"ရှင်က သူ့ကို အမေရိကား မသွားစေချင်ဘူးလို့ ပြောနေတာ မဟုတ်လား" ဟု ပြန်ပြောသည်။

"ဟုတ်တယ်၊ မသွားစေချင်ဘူးလို့ ကျွန်မ ထင်တယ်၊ ... မဟုတ်ဘူး၊ အဲဒီလိုလည်း မဟုတ်ဘူး၊ ဒါပေမဲ့ ......"

"ရှင်က နားလည်ရ ခက်တဲ့သူပဲ"

ဟီရိုင်းက ချီတုံချတုံ ဖြစ်နေသည့် ဖူမီကို့ကို ကြည့်ပြီး ရွှင်ရွှင်ပျပျ ပြောသည်။

သူသာ ဖူမီကို့နေရာ၌ ဆိုလျှင် မသွားပါနှင့်ဟု ငိုကြီးချက်မ ပြောမိလိမ့်မည်။ မျက်ရည်သည် မိန်းမတို့၏ လက်နက် ဖြစ်သည်ဟု သူ ယူဆသည်။

ဖူမီကိုသည် ကောင်တာစားပွဲ အလယ်ရှိ ကာဇူ့ဘက် လှည့်လိုက်သည်။ သူ့မျက်လုံးများက ရွှန်းစိုနေသည်။

"ကျွန်မကို အဲဒီနေ့ကို ပြန်ပို့ပေးပါ၊ ပြီးခဲ့တဲ့ တစ်ပတ်ကို ပြန်သွားချင်တယ်"

သူက ကာဇူ့မျက်နှာကို တည့်တည့်ကြည့်၍ တောင်းဆိုသည်။

ထိုတောင်းဆိုချက်အပေါ် ပထမဦးစွာ တုံ့ပြန်သူက ဟီရိုင်း ဖြစ်သည်။

"အတိတ်ကို ပြန်သွားချင်တယ်လို့ ပြောနေတယ်"

သူက ကာဇူ့ကို မျက်ခုံးပင့်ပြလိုက်သည်။

ကာဇူက စိတ်မသက်သာစွာ ပြန်ကြည့်ပြီး –

"ဩော်" ဟုသာ ရေရွတ်လိုက်သည်။

သည်ကော်ဖီဆိုင်သည် အတိတ်ကို ပြန်လည် ပို့ဆောင်ပေးနိုင်သည်ဟု လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျော်ကြားခဲ့သည်။ ဖူမီကိုသည် ထိုအရာများကို စိတ်မဝင်စားသဖြင့် မေ့မေ့ပျောက်ပျောက် နေခဲ့၏၊ ပြီးခဲ့သည့် တစ်ပတ်က

mgyoe.com

m gyoe.com SAMPLE BOOK

မရည်ရွယ်ဘဲ ရောက်လာခဲ့သည့်တိုင် ထိုအကြောင်းကို မတွေးမိ။ သို့သော် မနေ့ညတုန်းက တီဗွီဖွင့်၍ ရုပ်သံအစီအစဉ်များ လျှောက်ကြည့်ရင်း အစီအစဉ်တစ်ခုတွင် တင်ဆက်သူက စကားချီး၌ 'မြို့ခံဒဏ္ဍာရီ ဇာတ်လမ်းများ' အကြောင်း ထည့်ပြောသောအခါ သူ့ခေါင်းထဲ ဒိုင်းခနဲ မိုးကြိုးပစ်သွားသည့်ပမာ ထိုကော်ဖီဆိုင်ကို မှတ်မိသွားသည်။ ထိုကော်ဖီဆိုင်အကြောင်း သူ့ဦးနှောက်ထဲ ပြည့်ပြည့်စုံစုံ မရှိတော့သော်လည်း 'အတိတ်ကို ပြန်ပို့ပေးတဲ့ ကော်ဖီဆိုင်' ဆိုသည့် စကားစုကိုတော့ သူ မှတ်မိသေးသည်။

'ငါ အတိတ်ကို ပြန်သွားနိုင်ရင် အရာအားလုံးကို မှန်ကန်အောင် ပြန်လုပ်လို့ ရမယ်၊ ဂိုရိုနဲ့ နောက်တစ်ခါ စကားပြောလို့ရမယ်' ဟု သူက ထပ်ခါထပ်ခါ တွေးရင်း အသိဉာဏ်နှင့်ယှဉ်၍ ချင့်ချိန်နိုင်စွမ်းကိုပင် ဆုံးရှုံးသွားတော့သည်။

နောက်တစ်နေ့ အလုပ်သွားသောအခါ နံနက်စာစားရန် မေ့လျော့သွားသည်။ အချိန် မြန်မြန်ကုန်ရန်ပင် တွေးနေသဖြင့် အလုပ်ထဲ စိတ်မပါပေ။ ထိုယုံတမ်းစကား တကယ်ဟုတ်၊ မဟုတ် အမြန်ဆုံး ဖော်ထုတ်ချင်နေသည်။ အလုပ်တွင် အမှားမှား အယွင်းယွင်းများ မဖြစ်စဖူး ဖြစ်သောကြောင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးက နေကောင်းရဲ့လားဟု မေးသေးသည်။ တစ်နေ့တာ ကုန်ဆုံးသွားသောအခါ နမော်နမဲ့များစွာ လုပ်ထားပြီး ဖြစ်သည်။

ကုမ္ပဏီမှ ကော်ဖီဆိုင်သို့ ရထားဖြင့် မိနစ်သုံးဆယ် သွားရသည်။ ဘူတာရုံသို့ ရောက်သောအခါ ကော်ဖီဆိုင်သို့ အပြေးသွားသည်။ ဆိုင်ထဲဝင်သောအခါ အမောတကော ဖြစ်နေသည်။ သူက ကာဇူ့ထံ လျှောက်သွားသည်။

"ကျေးဇူးပြုပြီး ကျွန်မကို အတိတ်ကို ပြန်ပို့ပေးပါ"

ကာဇူတစ်ယောက် 'မင်္ဂလာပါ၊ကြိုဆိုပါတယ်'ဟုနှုတ်မဆက်ရသေးခင် သူက တောင်းဆိုလိုက်သည်။

သူသည် အကြောင်းအရာကို ရှင်းမပြခင် အလောတကြီး ပြောမိသွားသည်။ အမျိုးသမီးနှစ်ယောက်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်လိုက်သောအခါ သူ ရှက်သွားသည်။ ဟီရိုင်းက လှောင်ပြုံး ပြုံး၍ စိုက်ကြည့်နေသည်။ ကာဇူက ခံစားချက် ကင်းမဲ့သည့် မျက်နှာဖြင့် ရပ်နေသည်။ သူ့ကို လုံးဝ မကြည့်ပေ။

mgyoe.com

mgyoe.com

SAMPLE BOOK


အတိတ်ကို ပြန်သွားနိုင်ခြင်းသာ တကယ်မှန်လျှင် ဤနေရာသည် လူကြိတ်ကြိတ်တိုးနေလောက်သည်ဟု ဖူမိကို တွေးမိသည်။ ယခုတော့ ဆိုင်ထဲတွင် ဂါဝန်အဖြူနှင့် အမျိုးသမီး၊ ခရီးသွား မဂ္ဂဇင်းနှင့် အမျိုးသား၊ ဟီရိုင်း၊ ကာဇူ ... ယခင်တစ်ပတ်က မြင်တွေ့ခဲ့သော မျက်နှာများသာ ဖြစ်နေ၏။

"အတိတ်ကို ပြန်သွားဖို့ ဖြစ်နိုင်တယ် မဟုတ်လား"

သူက စိတ်တထင့်ထင့်နှင့် မေးလိုက်သည်။

ဆိုင်ထဲ ဝင်လာကတည်းက သည်မေးခွန်းနှင့် စလိုက်သင့်သည်ဟု သူ တွေးမိသည်။ ထွေးပြီးသား တံတွေးကို ပြန်မျိုချ၍ မရသလို သူ့အနေနှင့် ပြောလိုက်ပြီး ဖြစ်သည်။

"ရလား၊ မရဘူးလား"

သူက ကောင်တာတစ်ဖက်တွင် ရှိနေသည့် ကာဇူ့ကို စေ့စေ့ကြည့်၍ ထပ်မေးသည်။

"ရှင် ... အဲဒါ ......"

ဖူမိကို၏ မျက်လုံးများ အရောင်တောက်လာသည်။ အငြင်းစကားလုံး တစ်လုံးမှ သူ မကြားလိုက်။ သူ စိတ်လှုပ်ရှားလာသည်။

"ကျေးဇူးပြုပြီး ကျွန်မကို ပို့ပေးပါ"

ဖူမိကိုသည် စိတ်အားထက်သန်စွာ တောင်းဆိုပုံအရ ကောင်တာ စားပွဲတစ်ဖက်သို့ ခုန်ကျော်သွားမည်လားဟုပင် ထင်ရသည်။

"ရှင် ပြန်သွားပြီး ဘာလုပ်မလို့လဲ"

ဟီရိုင်းက ကော်ဖီကို တစ်ငုံစီ သောက်ရင်း အေးတိအေးစက် မေးသည်။

"ကျွန်မ အမှားပြင်ချင်လို့"

ဖူမိကို့ မျက်နှာက တည်ကြည် လေးနက်နေသည်။

"ဩော်"

ဟီရိုင်းက ပခုံးတွန့်လိုက်သည်။

"ကျေးဇူးပြုပြီး ပို့ပေးပါ"

သူ့အသံက ကျယ်သွားသဖြင့် ဆိုင်တစ်ဆိုင်လုံး ပဲ့တင်ထပ်သွားသည်။ ဖူမိကိုသည် ဂိုရိုနှင့် အိမ်ထောင်ပြုရန် စဉ်းစားနေတုန်း ရှိသေးသည်။ သူ့

mgyoe.com

mgyoe.com

အသက်က နှစ်ဆယ့်ရှစ်နှစ်ထဲ ရောက်နေပြီ။ ဟာကိုဒိတ်တွင် နေထိုင်သည့် သူ့မိဘသည် သူ အိမ်ထောင်ပြုမည့် အစီအစဉ်အကြောင်း မကြာခဏ စစ်ကြောမေးမြန်းသည်။ မနှစ်တုန်းက သူ၏ နှစ်ဆယ့်ငါးနှစ်အရွယ် ညီမဖြစ်သူ အိမ်ထောင်ကျသွားပြီးနောက် သူ့မိဘက ပို၍ နားပူနားဆာ လုပ်လာသည်။ ယခုအခါ အီးမေးလ်များ အပတ်စဉ် ပို၍ တိုက်တွန်းသည်အထိ ဖြစ်လာ၏။ နှစ်ဆယ့်သုံးနှစ်အရွယ် မောင်ဖြစ်သူသည်လည်း သူ့ချစ်သူကောင်မလေးကို ကိုယ်ဝန်ရစေလိုက်သဖြင့် အိမ်ထောင်ကျသွားပြီ။ လူလွတ် ဟူ၍ မောင်နှမသုံးယောက်အနက် အကြီးဆုံးဖြစ်သည့် ဖူမိကိုသာ ကျန်တော့သည်။

သူက မလောချင်၊ သို့သော် သူ့ညီမ အိမ်ထောင်ကျသွားချိန်တွင်မူ သူ စိတ်ကူး ပြောင်းလိုက်၏။ ဂိုရိုသာ လက်ထပ်ခွင့် တောင်းလာလျှင် အိမ်ထောင်ပြုတော့မည်ဟု စတင် စဉ်းစားလာခဲ့သည်။

ဟီရိုင်းသည် ကျားသစ်ကွက် အိတ်ထဲမှ စီးကရက်တစ်လိပ် ထုတ်လိုက်သည်။

"သူ့ကို သေချာ ရှင်းပြလိုက်တာ ကောင်းမယ်လို့ မထင်ဘူးလား"

သူက စီးကရက်ကို မီးညှိရင်း လေးလေးနက်နက် ပြောသည်။

"ထင်ပါတယ်"

ကာဇူက ကောင်တာကို ပတ်လာပြီး ဖူမိကို့ အရှေ့တွင် ရပ်၍ ငိုယိုနေသည့် ကလေးတစ်ယောက်ကို နှစ်သိမ့်သည့်ပမာ ကြင်နာစွာ ကြည့်လိုက်သည်။

"ဒီမယ် ... ရှင် ကျွန်မ ပြောတာကို သေသေချာချာ နားထောင်နော်၊ ဟုတ်ပြီလား"

"ဟုတ်ပြီ"

ဖူမိကို နေမထိ ထိုင်မသာ ဖြစ်သွားသည်။

"ရှင် အတိတ်ကို ပြန်သွားလို့ရတာ ဟုတ်တယ်၊ ရှင် ပြန်သွားလို့ ရတယ်၊ ဒါပေမဲ့ ......"

"ဒါပေမဲ့ ......"

"ရှင် ပြန်သွားလိုက်တယ် ဆိုပါတော့၊ ရှင် ဘယ်လောက်ပဲ ကြိုးစားပါစေ ပစ္စုပ္ပန်က ပြောင်းလဲမသွားဘူး"

mgyoe.com

mgyoe.com

'ပစ္စုပ္ပန်က ပြောင်းလဲ မသွားဘူး'

ထိုအရာသည် ဖူမိကို လုံးဝ မျှော်လင့်မထားသည့်၊ လက်သင့်မခံနိုင်သည့် အရာ ဖြစ်သည်။

"ဟင်"

သူက ခပ်ကျယ်ကျယ် ရေရွတ်မိသွားသည်။

ကာဇူက တည်တည်ငြိမ်ငြိမ် ဆက်ရှင်းပြသည်။

"ရှင်အတိတ်ကိုပြန်သွားပြီးအမေရိကားထွက်သွားတဲ့ရှင့်ရည်းစားကို ရှင် ဘယ်လို ခံစားနေရတယ် ဆိုတာ သွားပြောရင်တောင် ......"

"သွားပြောရင်တောင် ......"

"ဖြစ်ပြီးသွားတဲ့ ကိစ္စတွေကို ပြန်ပြောင်းလဲလို့ မရဘူး"

"ဘာရယ်"

ဖူမိကိုသည် ထပ်မကြားချင်တော့သဖြင့် နားရွက်နှစ်ဖက်ကို အုပ်ထားလိုက်သည်။

သို့သော် ကာဇူက သူ မကြားချင်သည့် စကားလုံးများကို ဆက်ပြောသည်။

"သူ အမေရိကားသွားတဲ့ အချက်ကို မပြောင်းလဲနိုင်ဘူး၊ ရှင့်ခံစားချက်တွေကို ပြောပြလို့ ရတယ်၊ မသွားပါနဲ့ဆိုပြီး တားလို့ ရတယ်၊ ဒါပေမဲ့ ဖြစ်ပျက်ပြီးသွားတဲ့ ကိစ္စတွေက ပြောင်းလဲသွားမှာ မဟုတ်ဘူး"

ကာဇူ၏ အေးစက်စက် စကားလုံးများက သူ့မျှော်လင့်ချက်များကို ရိုက်ချိုးလိုက်သည်။

"အဲဒါဆို အတိတ်ကို ပြန်သွားတာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ"

ဖူမိကိုက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"သူ့ကိုဒေါသမထွက်ပါနဲ့၊ရှင်သိချင်တယ်ဆိုလို့သူကပြောပြတာလေ"

ဟီရိုင်းသည် ဖူမိကို၏ တုံ့ပြန်ချက်အပေါ် နည်းနည်းလေးမှ အံ့သြပုံမရပေ။

"ဘာကြောင့်လဲ"

ဖူမိကို၏ မျက်လုံးများက အဖြေကို အသည်းအသန် လိုချင်နေသည်။

mgyoe.com

"ဘာကြောင့်လဲ ... ဘာကြောင့်လဲ ဆိုတော့ အဲဒါ စည်းမျဉ်း ဖြစ်နေလို့ပါရှင်"

အချိန်ခရီးသွားခြင်းနှင့် ပတ်သက်သော ရုပ်ရှင်များနှင့် ဝတ္ထုများ တွင် 'ပစ္စုပ္ပန်ကို ပြောင်းလဲသွားစေနိုင်တဲ့ အရာတွေနဲ့ သွားမရှုပ်နဲ့' ဟူသော စည်းမျဉ်း စည်းကမ်းများ ပါဝင်တတ်သည်။ ဥပမာ ... သင်၏ ဖြစ်တည်ခြင်းနှင့် သင် မွေးဖွားလာခြင်းကို ဖျောက်ဖျက်ပစ်ရန် အတိတ်ကို ပြန်သွားပြီးသင့်မိဘနှစ်ပါး၏တွေ့ဆုံခြင်း၊သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်းကို တားဆီးသည့် ကိစ္စမျိုး ဖြစ်သည်။

အချိန်ခရီးသွားခြင်း ဇာတ်လမ်းအများစုတွင် ထိုကဲ့သို့သော စည်းမျဉ်းများ ပါဝင်သဖြင့် ဖူမိကိုသည် စည်းမျဉ်းများကို ယုံကြည်သည်။ အချို့ဇာတ်လမ်းများတွင်မူ အတိတ်ကို ပြန်သွားနိုင်လျှင် ပစ္စုပ္ပန်ကို ပြောင်းလဲပစ်နိုင်သည်။ ထို့ကြောင့် သူသည်လည်း အတိတ်က အမှားကို ပြန်လည် ပြင်ဆင်ခွင့် ရချင်သည်။ နောက်ဆုံးတော့ သူ့ဆန္ဒသည် အမှန်တကယ် ဖြစ်မလာနိုင်သည့် အိပ်မက်အဖြစ်သာ ပြောင်းလဲသွားတော့သည်။

ယုံနိုင်စရာ မကောင်းသည့် ထိုစည်းမျဉ်း ရှိနေရသော လက်သင့်ခံနိုင်ဖွယ် အကြောင်းပြချက်ကို သူ ကြားချင်သည်။ ကာဇူက 'အဲဒါ စည်းမျဉ်း ဖြစ်နေလို့ပါရှင်' ဟုသာ ပြန်ပြောမည်ကို သူ သိသည်။ အကြောင်းပြချက် မပေးခြင်းသည် သူ့ကို တမင်တကာ ကျီစားခြင်းလော။ အကြောင်းပြချက်ကို ရှင်းမပြတတ်ခြင်းလော။ သို့မဟုတ် အကြောင်းပြချက်ကို သူကိုယ်တိုင် မသိခြင်းလော။ ဖူမိကို တွေးမိသည်။

"ကံဆိုးတာပဲ"

ဟီရိုင်းကဆေးလိပ်ငွေ့များကို မှုတ်ထုတ်လိုက်သည်။သူ့မျက်နှာသည် သိသာထင်ရှားစွာ ပျော်ရွှင်နေပုံ ရ၏။

"အဲဒါ ဘာကြောင့်လဲ"

သူ့ခွန်အားများ ခန္ဓာကိုယ်ထဲမှ ယိုစိမ့်ထွက်သွားသည်ဟု ဖူမိကို ခံစားမိသည်။ သူက ထိုင်ခုံပေါ်တွင် ပျော့တိပျော့ခွေ ထိုင်ချလိုက်သည်။

သည်ကော်ဖီဆိုင်အကြောင်း ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်ကို မဂ္ဂဇင်းတစ်ခု၌ သူ ဖတ်ဖူးသည်။ 'အချိန်ခရီးသွား ကော်ဖီဆိုင် နောက်ကွယ်မှ

mgyoe.com

mgyoe.com SAMPLE BOOK

ဖော်ထုတ် တွေ့ရှိထားသည့် အမှန်တရားများ' ဟူသော ခေါင်းစဉ်ဖြင့် ရေးထားသည်။ ကော်ဖီဆိုင်၏ အမည်မှာ 'ဖူနီကူလီ ဖူနီကူလာ' ဖြစ်သည်။ အတိတ်ကို ပြန်သွားနိုင်သည်ဟု ကျော်ကြားသောကြောင့် တစ်နေ့တစ်နေ့ လူပေါင်းများစွာ တန်းစီကြရသည်။ သို့သော် စိတ်ပျက်ဖွယ် ကောင်းသည့် စည်းမျဉ်းများကြောင့် မည်သူ တစ်ဦးတစ်ယောက်မှ အတိတ်ကို ပြန်သွားခွင့် မရခဲ့ကြပေ။ ပထမ သတ်မှတ်ချက်က ... အတိတ်ကို ပြန်သွားလျှင် သည်ကော်ဖီဆိုင်သို့ ရောက်ဖူးသူနှင့်သာ တွေ့ဆုံခွင့် ရှိသည်။ သည်စည်းမျဉ်းကြောင့် လူအတော်များများ ပြန်လှည့်သွားကြရလေသည်။ ဒုတိယ သတ်မှတ်ချက်က ... အတိတ်ကို ပြန်သွား၍ မည်သည့်အရာကို လုပ်ခဲ့သည်ဖြစ်စေ၊ ပစ္စုပ္ပန်ကို ပြောင်းလဲနိုင်မည် မဟုတ်ပါ။ ထိုအခါ ထိုကဲ့သို့ စည်းမျဉ်း သတ်မှတ်ချက်များ အဘယ်ကြောင့် ရှိနေရသနည်းဟု မေးမြန်းကြရာ သူတို့လည်း မသိရှိကြောင်း ကော်ဖီဆိုင်က ပြန်ဖြေခဲ့သည်။

ဆောင်းပါးရှင်သည် အတိတ်ကို ပြန်သွားနိုင်သူ တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရှိခဲ့သဖြင့် သည်ကော်ဖီဆိုင်သည် အတိတ်ကို အမှန်တကယ် ပြန်ပို့ပေးနိုင်၊ မပေးနိုင် ဆိုသည်မှာ ယနေ့အထိ အဖြေညှိ မရသေးသည့် ပဟေဠိ တစ်ခုအဖြစ် ကျန်ရှိနေသည်။ အတိတ်ကို ပြန်သွားနိုင်လျှင်ပင် ပစ္စုပ္ပန်ကို မပြောင်းလဲနိုင်ခြင်းက ထိုကိစ္စတစ်ရပ်လုံးကို အဓိပ္ပာယ် မဲ့သွားစေတော့သည်။ သည် ကော်ဖီဆိုင်သည် အင်မတန် စိတ်ဝင်စားဖွယ် ကောင်းကြောင်း၊ သူ ရှင်းရှင်းလင်းလင်း မသိသော အခြားစည်းမျဉ်းများလည်း ကျန်သေးပုံရကြောင်း ရေးသား၍ နိဂုံးချုပ်ထားသည်။

ဖူမိကိုသည် ပျော့တိပျော့ခွေ ထိုင်နေရင်း အခြားစည်းမျဉ်းများကို ဆက်နားထောင်သည်။ သူ့ခန္ဓာကိုယ်မှာ စားပွဲပေါ်တွင် ပုံလျက်သား ကျနေ၏။ စားပွဲတစ်ဖက်တွင် ဟီရိုင်း ထိုင်နေသည်။ ဖူမိကိုက သကြားအိုးကို စိုက်ကြည့်နေရင်း သည်ကော်ဖီဆိုင်သည် အဘယ်ကြောင့် သကြားခဲ မသုံးသနည်းဟု တွေးနေမိသည်။

"အဲဒီစည်းမျဉ်းတွေတင် မဟုတ်သေးဘူး၊ အတိတ်ကို ပြန်ပို့ပေးနိုင်တဲ့ ထိုင်ခုံက တစ်ခုံတည်း ရှိတယ်၊ အတိတ်ကို ရောက်သွားတဲ့အခါ အဲဒီထိုင်ခုံကနေ ထလို့ မရဘူး"

mgyoe.com

ဟီရိုင်းက ဝင်ပြောပြသည်။

ထို့နောက် –

"ပြီးတော့ကော ဘာကျန်သေးလဲ" ဟု သူက ကာဇူ့ကို မေးသည်။

"အချိန်အကန့်အသတ် ရှိတယ်"

ကာဇူက သူ ရေသုတ်နေသည့် ဖန်ခွက်မှ အကြည့်ကို မခွာဘဲ ဖြေလိုက်သည်။

ဖူမိကိုက ခေါင်းထောင်လိုက်သည်။

"အချိန်အကန့်အသတ်"

ကာဇူက ခပ်ယဲ့ယဲ့ပြုံးကာ ခေါင်းညိတ်ပြသည်။

စားပွဲက သူ့ဘက် စောင်းနေသဖြင့် ဟီရိုင်းက တံတောင်ဖြင့် အသာလေး ပြန်တွန်းလိုက်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီစည်းမျဉ်းတွေကို ကြားပြီးတဲ့နောက် အတိတ်ကို ပြန်သွားချင်တဲ့သူ မရှိသလောက်ပဲ"

သူက ရွှင်ရွှင်ပြုံးပြုံး ပြောသည်။ ဖူမိကိုသည် သူ့အဖို့ လူရွှင်တော်တစ်ယောက်နှင့် တူနေပုံ ရသည်။

"ကျွန်မတို့ ရှင့်လိုဧည့်သည်မျိုး မတွေ့ရတာ အတော်ကြာပြီ၊ အတိတ်ကို သေမတတ် ပြန်သွားချင်နေတဲ့ လူမျိုးပေါ့"

"ဟီရိုင်း ......"

ကာဇူက အသံမာမာနှင့် ခေါ်သည်။

"ဘဝဆိုတာ ထင်ထားတဲ့အတိုင်း ဖြစ်မလာတတ်ဘူး၊ ရှင် ဘာလို့ လက်မလျှော့သေးတာလဲ"

သူက ဆက်ပြောသည်။

"ဟီရိုင်း ......"

ကာဇူက ထပ်တားသည်။ သူ့အသံက ပို၍ မာလာသည်။

"ဘာရယ် မဟုတ်ပါဘူး၊ စောစောကတည်းက ပြောပြထားတာ ပိုကောင်းတယ် မဟုတ်လား"

ဟီရိုင်းက ခပ်ကျယ်ကျယ် လှောင်ရယ်လိုက်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

သူတို့နှုတ်မှ ထွက်သည့် စကားလုံးများသည် သူ့ခန္ဓာကိုယ်အတွင်းမှ ခွန်အား ဟူသရွေ့ကို လုံးဝဥဿုံ ကုန်ခန်းသွားအောင် တိုက်ထုတ်ပစ်လိုက်သည်။ ဖူမိကို၏ ဦးခေါင်းနှင့် ပခုံးတို့သည် စားပွဲပေါ် နောက်တစ်ကြိမ် ထပ်မံလဲပြို သွားသည်။

"ကျေးဇူးပြုပြီး ကော်ဖီ ထပ်ဖြည့်ပေးပါဦး"

ဝင်ပေါက်နှင့် အနီးဆုံး စားပွဲတွင် ထိုင်နေသည့် အမျိုးသားထံမှ ဖြစ်သည်။ သူ့အရှေ့တွင် ခရီးသွားမဂ္ဂဇင်းတစ်အုပ် ဖွင့်ထားသည်။

"ဟုတ်ကဲ့ပါ"

ကာဇူက ပြန်ပြောသည်။

## တင်း – တောင်

အမျိုးသမီးတစ်ယောက် ဆိုင်ထဲ ဝင်လာသည်။ ပင်လယ်ပြာရောင် ဖျော့ဖျော့ ဂါဝန်အပေါ်တွင် သနပ်ခါးရောင် ရင်ကွဲသိုးမွေးအင်္ကျီ ထပ်ဝတ်ထားကာ နီညိုရောင် အပြေးဖိနပ် စီးထားသည်။ ပခုံးတွင် အဖြူရောင် အဝတ်အိတ် တစ်လုံး လွယ်ထားသည်။ သူ့မျက်လုံးများက လုံးဝိုင်းကာ ကလေးတစ်ယောက် လို ရွှင်ပျနေသည်။

"မင်္ဂလာပါ"

ကာဇူ့အသံက တစ်ဆိုင်လုံး မြည်ဟည်းသွားသည်။

"ဟိုင်း ... ကာဇူ"

"ဟိုင်း ... အစ်မ"

ထိုအမျိုးသမီးသည် သူ့ဝမ်းကွဲအစ်ကို၏ဇနီး ဖြစ်သော်လည်း ကာဇူက သူ့ကို အစ်မဟုသာ ခေါ်သည်။ သူ့နာမည်က 'ခေ တိုကီတ' ဖြစ်သည်။

"ချယ်ရီပန်းတွေ ပွင့်ခဲ့တယ်နဲ့ တူတယ်"

ခေက သူ့ကို ပြုံးပြသည်။

"အခုတော့ သစ်ပင်တွေပေါ်မှာ ဘာမှ မရှိတော့ဘူး"

ကာဇူ့လေသံက သိမ်မွေ့သည်။ ဖူမိကိုနှင့် စကားပြောစဉ်ကလို သိမ်မွေ့ ရည်မွန်ခြင်းမျိုး မဟုတ်။ သူ့အသံသည် ယခုအခါ ပို၍ ပျော့ပျောင်းသည်။

"မင်္ဂလာ ညနေခင်းပါ"

mgyoe.com

 mgyoe.com SAMPLE BOOK 

ဟီရိုင်းက ဖူမိကို့ စားပွဲမှ ကောင်တာသို့ ထသွားသည်။ ဖူမိကို၏ ကံဆိုးမိုးမှောင်ကျမှုအပေါ် ရယ်မောလှောင်ပြောင်လိုစိတ် ကုန်ဆုံးသွားပုံရ၏။

"ဘယ်တွေ ပျောက်နေတာလဲ"

"ဆေးရုံ သွားနေတာ"

"ဘာလို့လဲ၊ ပုံမှန် စစ်ဆေးတာလား"

"အင်း"

"ဒီနေ့ မျက်နှာ ကြည်လင်နေပါလား"

"ဟုတ်တယ်၊ ဒီနေ့ နေလို့ ကောင်းတယ်"

ခေသည် စားပွဲပေါ်တွင် ပုံလျက်သား လဲနေသည့် ဖူမိကို့ကို ဖျတ်ခနဲ တစ်ချက် ကြည့်လိုက်ပြီး စပ်စုလိုစိတ်ဖြင့် ခေါင်းကို တစ်ဖက် စောင်းငဲ့လိုက်ရာ ဟီရိုင်းက အသာ ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် ခေက မီးဖိုခန်းထဲ ဝင်ရောက်ကာ ပျောက်သွားလေသည်။

## တင်း – တောင်

ထွားထွားကျိုင်းကျိုင်း လူတစ်ယောက်ကို ဆိုင်တံခါးပေါက်တွင် တွေ့ရသည်။ သူသည် တံခါးပေါင်နှင့် တိုက်မိမှာ စိုးသဖြင့် ခေါင်းငုံ့၍ ဆိုင်ထဲ ဝင်လာသည်။ ရှပ်အင်္ကျီ အဖြူရောင်နှင့် ဘောင်းဘီ အမည်းရောင် စားဖိုမှူး ယူနီဖောင်းထက်တွင် ဂျာကင် အပါးတစ်ထည် ထပ်ဝတ်ထားသည်။ သူ၏ ညာဘက်လက်ထဲရှိ သော့တွဲကြီးတစ်ခုက တချွင်ချွင် အသံထွက်နေသည်။ သူသည် ကော်ဖီဆိုင်ပိုင်ရှင် 'နဂါ တိုကီတ' ဖြစ်သည်။

"မင်္ဂလာ ညနေခင်းပါ"

ကာဇူက သူ့ကို နှုတ်ဆက်သည်။

နဂါက ခေါင်းညိတ်၍ တုံ့ပြန်လိုက်ပြီး ဝင်ပေါက်နှင့် အနီးဆုံးတွင် ထိုင်နေသည့် မဂ္ဂဇင်းဖတ်နေသူထံ လျှောက်လာသည်။

ကာဇူ မီးဖိုခန်းထဲသို့ ကော်ဖီအိုး သွားယူနေခိုက် ဟီရိုင်းက ကောင်တာပေါ်တွင် တံတောင်တစ်ဖက် ထောက်၍ မိုကာ နဂါကို အကဲခတ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နဂါက မဂ္ဂဇင်းထဲ အာရုံရောက်နေသည့် အမျိုးသား အရှေ့တွင် မတ်တတ်ရပ်ပြီး –

"ဖူဆာဂျိ" ဟု ညင်ညင်သာသာ ခေါ်လိုက်သည်။

ဖူဆာဂျိ ဆိုသူသည် သူ့နာမည် ခေါ်လိုက်သည်ကို မကြားသည့်ပမာ ဘာမှ မတုံ့ပြန်ပေ။ ခဏကြာတော့မှ သူက နဂါကို လေးလံစွာ မော့ကြည့်လိုက်သည်။

နဂါက ယဉ်ကျေးစွာ ခေါင်းညိတ်ပြပြီး –

"မင်္ဂလာပါ" ဟု နှုတ်ဆက်လိုက်သည်။

"အို ... မင်္ဂလာပါ"

ဖူဆာဂျိက ပြန်နှုတ်ဆက်သည်။ ခံစားချက် တစ်စုံတစ်ရာ မဖော်ပြပေ။ သူ့မျက်လုံးများက မဂ္ဂဇင်းဆီ ချက်ချင်း ပြန်ရောက်သွားသည်။ နဂါကတော့ သူ့ကို ရပ်ကြည့်နေဆဲပင်။

"ကာဇူ"

သူက လှမ်းခေါ်လိုက်သည်။

ကာဇူက မီးဖိုခန်းထဲမှ ခေါင်းပြူကြည့်လိုက်သည်။

"ဘာများလဲ"

"ကိုတာကို့ကို ဖုန်းခေါ်ပေးပါဦး"

ကာဇူက တစ်ခဏ တွေဝေသွားသည်။

"သူ့ကို ရှာနေတယ် လို့"

နဂါက ဖူဆာဂျိဘက် ပြန်လှည့်လိုက်သည်။

ထိုအခါမှ ကာဇူ သဘောပေါက်သွားသည်။

"သြော် ... ဟုတ်ပြီ"

ကာဇူသည် ဟီရိုင်း၏ ကော်ဖီခွက် အလွတ်ကို ဖြည့်ပေးပြီးသောအခါ ဖုန်းခေါ်ဆိုရန် မီးဖိုခန်းထဲ ပြန်ဝင်သွားသည်။

နဂါသည် ကောင်တာ အနောက်ကို လျှောက်သွားရင်း စားပွဲပေါ် ပုံလျက်သား မှောက်နေသည့် ဖူမိကို့ကို ဘေးတိုက် တစ်ချက် ကြည့်သည်။ စင်ပေါ်မှ ဖန်ခွက်တစ်ခွက် လှမ်းယူသည်။ ကောင်တာ စားပွဲအောက်ရှိ ရေခဲသေတ္တာထဲမှ

mgyoe.com

mgyoe.com
SAMPLE BOOK


ကတ်ထူ လိမ္မော်ရည်ဘူးကို ထုတ်သည်။ ဖန်ခွက်ထဲ တည်တည်ငြိမ်ငြိမ် လောင်းထည့်ပြီး တစ်ကျိုက်တည်း မော့လိုက်သည်။ ထို့နောက် ခွက်ဆေးရန် မီးဖိုခန်းထဲ ဝင်သွားသည်။

ခဏကြာသော် ကောင်တာစားပွဲကို လက်ချောင်းများဖြင့် ခေါက်နေသည့် အသံ ထွက်လာသည်။ နဂါက ဘာများ ဖြစ်သလဲ သိချင်စိတ်ဖြင့် မီးဖိုခန်းထဲမှ ခေါင်းပြူကြည့်သည်။

ဟီရိုင်းသည် လက်ချောင်းများကို ကောင်တာပေါ် တင်ထားရင်း မသိမသာ လက်ယပ်ခေါ်လိုက်သည်။ နဂါက ကောင်တာစားပွဲဆီ လျှောက်လာပြီး တစ်စုံတစ်ခုကို ရှာဖွေသည်။

ဟီရိုင်းက ကိုယ်ကို ကောင်တာဘက် အနည်းငယ် ကိုင်းလိုက်သည်။

"အခြေအနေ ဘယ်လိုလဲ"

သူက စာရွက်တချို့ ရှာဖွေနေသည့် နဂါကို မေးသည်။

"အမ်ဟမ် ......"

နဂါက မပြတ်မသား ရေရွတ်လိုက်သည်။ ထိုမေးခွန်း၏ အဖြေ ဖြစ်နိုင်သလို ဘယ်နား ထားမိမှန်း မသိသော စာရွက်ရှာနေသည်ကို အာရုံထွေပြားအောင် လာလုပ်သောကြောင့် ရေရွတ်မိသွားခြင်းလည်း ဖြစ်နိုင်သည်။

ဟီရိုင်းက သူ့အသံကို နှိမ့်လိုက်သည်။

"ဆေးစစ်ချက် အဖြေ ဘယ်လိုလဲ"

နဂါက ပြန်မဖြေဘဲ နှာခေါင်းကို ကုတ်လိုက်သည်။

"ရလဒ် မကောင်းလို့လား"

"ဆေးစစ်ချက် အဖြေ ထွက်လာတော့ သူ ဆေးရုံတက်စရာ မလိုဘူးလို့ ပြောလိုက်တယ်"

နဂါက သူ့ကိုယ်သူ ပြန်ပြောသည့်ပမာ တိုးတိုးလေး ပြောသည်။

ဟီရိုင်းက သက်ပြင်းတစ်ချက် အသံတိတ် ချလိုက်သည်။

"သြော်" ဟု ပြန်ပြောပြီး ခေရှိရာ မီးဖိုခန်းထဲကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ခေသည် မွေးရာပါ နှလုံးအားနည်းသူ ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံး ဆေးရုံသည် အိမ်ဦးနှင့် ကြမ်းပြင် ဖြစ်ခဲ့သည်။ ပူပင်ကြောင့်ကြမှုကြော

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖော်ရွေသော ပင်ကိုစရိုက် ရှိသဖြင့် ကျန်းမာရေး အခြေအနေ မည်မျှ ဆိုးရွားပါစေ၊ အမြဲ ပြုံးနေတတ်သည်။ ဟီရိုင်းက သူ့ကို ကရုဏာသက်သဖြင့် နဂဲကို သူ့ အခြေအနေ မေးမြန်းရခြင်း ဖြစ်သည်။

နဂဲသည် နောက်ဆုံးတော့ သူ လိုအပ်နေသည့် စာရွက်ကို ရှာတွေ့သွားသည်။

"ခင်ဗျားကော ဘယ်လိုလဲ ဟီရိုင်း၊ သူတို့ အဆင်ပြေရဲ့လား"

ဟီရိုင်းက သူပြောတာကို သဘောမပေါက်။ သူ့မျက်လုံးများ ပြူးကျယ်သွားသည်။

"ဘယ် သူတို့လဲ"

"ခင်ဗျားညီမ လာရှာသေးတယ် မဟုတ်လား"

"ဪ … လာတယ် ထင်တယ်"

သူက ဆိုင်တစ်ဆိုင်လုံးကို ဝေ့ကြည့်ရင်း ပြန်ဖြေသည်။

"ခင်ဗျားမိဘတွေက တည်းခိုခန်း ဖွင့်ထားတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဖွင့်ထားတယ်"

နဂဲသည် သူ့အကြောင်း ခရေစေ့တွင်းကျ မသိသော်လည်း သူ အိမ်မှ ထွက်ပြေးလာသည့် အကြောင်းနှင့် သူ့ညီမက သူ့အစား တည်းခိုခန်းကို ဦးစီး လုပ်ကိုင်နေရသည့် အကြောင်းတို့ကိုတော့ ကြားထားသည်။

"ခင်ဗျားညီမ တစ်ယောက်တည်း လုပ်ရတာ လွယ်မယ် မထင်ဘူး"

"ဟင့်အင်း၊ အဆင်ပြေပါတယ်၊ သူ့ခေါင်းက အဲဒီလို အလုပ်မျိုးနဲ့ အံကိုက်ပဲ"

"ဒါပေမဲ့ ……"

"ဖြစ်လာပြီးပြီပဲ၊ အခုမှတော့ အိမ်ပြန်လို့ မရတော့ဘူး"

ဟီရိုင်းက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

သူက ကျားသစ်ကွက် အိတ်ထဲမှ လက်ကိုင်ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။ ပိုက်ဆံအိတ်သည် အလွန်ကြီးသဖြင့် အဘိဓာန်စာအုပ်နှင့် ပိုတူနေသည်။ သူက ထိုပိုက်ဆံအိတ်ထဲ လက်နှိုက်ပြီး အကြွေစေ့ရှာရာ အိတ်ထဲမှ တချွင်ချွင် အသံထွက်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာလို့ မရတာလဲ"

"ကျွန်မ အိမ်ပြန်သွားရင်တောင် ဘာအကူအညီမှ ပေးနိုင်မှာ မဟုတ်ဘူး"

ဟီရိုင်းက ဦးခေါင်းကို စောင်းငဲ့၍ သွားပေါ်အောင် ပြုံးပြလိုက်သည်။

"ဒါပေမဲ့လည်း ......"

"ကော်ဖီအတွက် ကျေးဇူးပဲ၊ ကျွန်မ သွားရတော့မယ်"

ဟီရိုင်းက ဖြတ်ပြော၍ ကျသင့်ငွေကို ကောင်တာပေါ် တင်ခဲ့ပြီး တံခါးပေါက်သို့ လျှောက်သွားလေသည်။

## တင်း – တောင်

နဂဲသည် ဟီရိုင်း ထားခဲ့သည့် အကြွေစေ့များကို ကောက်ယူရင်း စားပွဲပေါ် မှောက်အိပ်နေသည့် ဖူမီကို့ကို တစ်ချက် ကြည့်လိုက်ပြန်သည်။ မည်သူမည်ဝါ ဆိုတာ စိတ်ဝင်စားပုံ သိပ်မရ။ သူက အကြွေစေ့များကို ယူလိုက်ပြီး လက်ထဲတွင် ခလောက်သည်။

"အစ်ကို"

ထိုအသံနှင့်အတူ ကာဇူမျက်နှာက မီးဖိုခန်းထဲမှ ပြူထွက်လာသည်။

"ဟေ"

"အစ်မ ခေါ်နေတယ်"

"အေး ... လာပြီ"

သူက ဆိုင်ကို ဝေ့ကြည့်လိုက်ပြီး အကြွေစေ့များကို ကာဇူ့ လက်ထဲ ထည့်လိုက်သည်။

ကာဇူက –

"ကိုတာကီက ချက်ချင်း လာခဲ့မယ် တဲ့" ဟု ပြောပြသည်။

နဂဲက ခေါင်းညိတ်ပြ၍ –

"ဆိုင် ခဏ ကြည့်ထားနော်" ဟု ပြောပြီး ဆိုင်အနောက်ခန်းထဲ ဝင်သွားသည်။

"အိုကေ"

mgyoe.com

mgyoe.com SAMPLE BOOK

ယခုအခါ ကော်ဖီဆိုင်ထဲတွင် စာအုပ်ထိုင်ဖတ်နေသည့် အမျိုးသမီး၊ ရှေ့ချထားသည့် မဂ္ဂဇင်းထဲမှ အချက်အလက်တချို့ ကူးယူနေသော ဖူဆာဂျီနှင့် စားပွဲပေါ် စိတ်ပျက်လက်ပျက် မှောက်အိပ်နေသည့် ဖူမိကိုတို့သာ ကျန်တော့သည်။ အကြွေစေ့များကို အံဆွဲထဲ ထည့်ပြီးသောအခါ ကာဇူက ဟီရိုင်း၏ ကော်ဖီခွက်ကို သိမ်းသွားသည်။ ကော်ဖီဆိုင်ရှိ ရှေးဟောင်းနာရီ သုံးလုံးအနက် တစ်လုံးမှ မောင်းတီးသလို အသံအောအော ငါးချက် ထွက်လာကာ တစ်ဆိုင်လုံးကို ဟိန်းသွားစေသည်။

"ကော်ဖီ ထပ်ဖြည့်ပေးပါဦးလား"

ဖူဆာဂျီသည်သူ့ကော်ဖီခွက်ကို ကိုင်မြှောက်၍ကောင်တာအနောက်ရှိ ကာဇူ့ကို လှမ်းပြောသည်။ ကော်ဖီထပ်ဖြည့်ပေးရန် သူပြောထားတာ ကြာသင့်သည်ထက် ပိုကြာနေပြီ။

"အိုး ... ဟုတ်သားပဲ၊ တောင်းပန်ပါတယ်"

ကာဇူက မီးဖိုခန်းထဲ အလျင်အမြန် ပြေးဝင်သွားပြီးနောက် ကော်ဖီထည့်ထားသော ဖန်ကရားတစ်ခုဖြင့် ပြန်ထွက်လာလေသည်။

"အဲဒါဆိုလည်း ကိစ္စမရှိဘူး"

ဖူမိကိုသည် စားပွဲပေါ် ခေါင်းမှောက်ထားရင်း တစ်ကိုယ်ကြား ရေရွတ်လိုက်သည်။ ဖူဆာဂျီ၏ ခွက်အလွတ်ထဲ ကော်ဖီဖြည့်ပေးနေသည့် ကာဇူ့ကို မျက်လုံးထောင့် တစ်နေရာမှ မြင်သွားသောအခါ သူက မတ်မတ်ထိုင်လိုက်သည်။

"အဲဒီလိုဆိုလည်း ရတယ်၊ ဖြစ်ပြီးတဲ့ ကိစ္စတွေ မပြောင်းလဲသွားလည်း ပြဿနာမရှိဘူး" ဟု သူ့ကိုယ်သူ ပြောပြီး မတ်တတ်ရပ်၍ ကာဇူ့ဆီ လျှောက်သွားသည်။

ကာဇူက ကော်ဖီခွက်ကို ဖူဆာဂျီ၏ အရှေ့တွင် ညင်ညင်သာသာ ချလိုက်သည်။ သူ့နံဘေးတွင် ဖူမိကို လာရပ်သည်ကို မြင်သောအခါ မျက်မှောင်ကြုတ်၍ ခြေလှမ်းအနည်းငယ် နောက်ဆုတ်လိုက်၏။

mgyoe.com

m gyoe . com


ဖူမိကိုက သူ့အနီး တိုးကပ်သွားသည်။

"ကျွန်မကို ပြန်ပို့ပေးပါ၊ ပြီးခဲ့တဲ့ တစ်ပတ်ကို"

သူ၏ ဒွိဟများ လွင့်ပြယ်သွားပုံ ရသည်။ သူ့စကားလုံးများထဲတွင် မပြတ်သားမှု အရိပ်အယောင်ပင် မရှိတော့။ အတိတ်ကို ပြန်သွားနိုင်မည့် အခွင့်အရေးအပေါ် စိတ်လှုပ်ရှားမှုသာ ရှိနေသည်။

"အမ် ... ဒါပေမဲ့ ......"

ကာဇူသည် ဖူမိကို၏ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေသည့် ပုံစံကြောင့် ကသိကအောက် ဖြစ်လာသဖြင့် ကောင်တာအနောက်သို့ လှစ်ခနဲ ထွက်သွားလိုက်သည်။

"အရေးကြီးတဲ့ စည်းမျဉ်းနောက်တစ်ခု ကျန်သေးတယ်"

ဖူမိကို၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"ဘာရယ် ... စည်းမျဉ်းနောက်တစ်ခု"

"ဒီကော်ဖီဆိုင်မှာ မတွေ့ဖူးတဲ့ လူတွေနဲ့ ပြန်တွေ့လို့ မရဘူး၊ ဖြစ်ပြီးတဲ့ ကိစ္စတွေကို ပြောင်းလဲလို့ မရဘူး၊ အတိတ်ကို ပြန်ပို့ပေးနိုင်တဲ့ ထိုင်ခုံက တစ်ခုံတည်း ရှိတယ်၊ ပစ္စုပ္ပန်ကို ပြန်မရောက်မချင်း အဲဒီကနေ ထလို့ မရဘူး၊ ပြီးတော့ အချိန် အကန့်အသတ် ရှိတယ်"

ဖူမိကိုသည် သူပြောပြသည့် စည်းမျဉ်းများကို နားထောင်ရင်း အချက်တိုင်းကို လက်ချိုးရေသွားသည်။ တဖြည်းဖြည်း သူ ဒေါသထွက်လာ၏။

"ဒီစည်းမျဉ်းက အခက်ဆုံး ဖြစ်မလားပဲ"

ဖူမိကိုသည် သူသိထားသော စည်းမျဉ်းများကိုပင် အလွန့်အလွန် စိတ်ပျက်နေပြီး ဖြစ်သည်။ အခက်ခဲဆုံး စည်းမျဉ်းဟူသည့် စကားက သူ့အသည်းနှလုံးကို ကိုက်ဖြတ်တော့မည့်ပမာ ခြိမ်းခြောက်နေသည်။ သူ နှုတ်ခမ်းကို ကိုက်လိုက်သည်။

"ပြောပါ၊ ဘာပဲဖြစ်ဖြစ် ကိစ္စမရှိဘူး၊ ဆက်ပြောပါ"

သူက လက်ပိုက်၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောသည်။

"ကောင်းပြီလေ"

ကာဇူသည် လက်ထဲ ကိုင်ထားသည့် ကော်ဖီကရားကို မီးဖိုခန်းထဲ သွားထားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ယောက်တည်း ကျန်ခဲ့သည့် ဖူမီကိုသည် အာရုံစူးစိုက်နိုင်ရန် အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်သည်။

သူ၏ မူလရည်ရွယ်ချက်မှာ အတိတ်ကို ပြန်သွားပြီး ဂိုရို အမေရိကား မသွားဖြစ်အောင် တစ်နည်းနည်းနှင့် တားဆီးရန် ဖြစ်သည်။ ဂိုရို၏ တက်လမ်းကို ပိတ်ပင်ခြင်းသည် ကောင်းသော အရာ မဟုတ်သော်လည်း သူ့ကို မသွားစေချင်ကြောင်း ပြောလိုက်လျှင် ဂိုရိုသည် အမေရိကား သွားမည့် အစီအစဉ်ကို စွန့်လွှတ်လိမ့်မည်။ မည်သို့ပင်ဖြစ်စေ အတိတ်ကို ပြန်သွားချင်ရခြင်း၏ မူလရည်ရွယ်ချက်သည် ပစ္စုပ္ပန်ကို ပြောင်းလဲရန်သာ ဖြစ်ပေသည်။

ပစ္စုပ္ပန်ကို မပြောင်းလဲနိုင်၊ ဂိုရိုကို အမေရိကား သွားမည့် အရေးမှ မတားဆီးနိုင်လျှင်ပင် ဖူမီကိုသည် အတိတ်ကို ပြန်သွားရန် အလွန် ဆန္ဒပြင်းပြနေ၏။ ယခုတော့ သူ့ဆန္ဒသည် အတိတ်ကို ပြန်သွားပြီး ဂိုရိုနှင့် ပြန်တွေ့ချင်ရုံသာ ဖြစ်သည်။ ထူးခြားဆန်းကြယ်သည့် ဖြစ်စဉ်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားကြည့်ချင်နေသည်။

ကောင်းသည်၊ ဆိုးသည် သူ မဝေခွဲနိုင်။ 'ကောင်းတဲ့ အရာပဲ ဖြစ်မှာပါ။ ဆိုးတဲ့ အရာ ဘယ်လို ဖြစ်နိုင်မှာလဲ' ဟု သူ့စိတ်ထဲ ရေရွတ်လိုက်သည်။

သူ အသက်ပြင်းပြင်း ရှူထုတ်ပြီးသော် ကာဇူ ပြန်ထွက်လာသည်။ ဖူမီကို၏ မျက်နှာသည် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေသည့် တရားခံ တစ်ဦးလို စိုးထိတ်နေသည်။

ကာဇူက ကောင်တာအနောက်တွင် ရပ်လိုက်သည်။

"အချိန်ခရီးသွားနိုင်တဲ့ ထိုင်ခုံက ဒီဆိုင်မှာ တစ်ခုံတည်း ရှိတယ်"

"ဘယ်တစ်ခုံလဲ၊ ကျွန်မ ဘယ်မှာ ထိုင်ရမလဲ"

သူက တစ်ဆိုင်လုံးကို အလျင်အမြန် လိုက်ကြည့်သည်။

ကာဇူက သူ့တုံ့ပြန်မှုကို လျစ်လျူရှု၍ သူ့အကြည့်ကို ဂါဝန်အဖြူနှင့် အမျိုးသမီးဆီ လွှဲလိုက်သည်။

ဖူမီကိုက သူ ကြည့်သည့်ဘက်ကို လိုက်ကြည့်သည်။

"အဲဒီ ထိုင်ခုံပဲ"

ကာဇူက တိုးတိုးပြောသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"အဲဒါလား၊ အဲဒီအမျိုးသမီး ထိုင်နေတဲ့ ထိုင်ခုံလား"

ဖူမိကိုက ဂါဝန်အဖြူနှင့် အမျိုးသမီးကို စိုက်ကြည့်နေရင်း တိုးတိုးလေး ပြန်မေးသည်။

"ဟုတ်တယ်"

ကာဇူ့စကားပင် မဆုံးသေး၊ ဖူမိကိုသည် ဂါဝန်အဖြူနှင့် အမျိုးသမီးဆီ လျှောက်သွားပြီ ဖြစ်၏။

ထိုအမျိုးသမီး၏ ဆံနွယ်သည် နက်မှောင်သလောက် အသားအရေက သိသိသာသာ ဖြူဖွေးနေသည်။ နွေဦး ဖြစ်သည့်တိုင် ရာသီဥတုက အေးစက်နေသော်လည်း သူက အင်္ကျီလက်တိုနှင့် ဂါဝန်အတို ဝတ်ထားသည်။ အနွေးထည်လည်း ပါလာပုံ မရ။ တစ်ခုခု မှားယွင်းနေကြောင်း ဖူမိကို စတင်ခံစားမိသည်။

သူက ထိုအမျိုးသမီးကို စကားစပြောသည်။

"တစ်ဆိတ်လောက်ရှင့် ... ကျေးဇူးပြုပြီး နေရာချင်း လဲပေးနိုင်မလား"

သူက စိတ်ရှည်ရှည်ထား၍ မေးသည်။ ယဉ်ယဉ်ကျေးကျေး မေးလိုက်သည်ဟု သူထင်သော်လည်း ဂါဝန်နှင့်အမျိုးသမီးသည် သူပြောတာကို မကြားသည့်ပမာ မတုံ့ပြန်ချေ၊ လူတချို့သည် စာအုပ်တစ်အုပ်ကို အလွန် စိတ်ဝင်စားသွားလျှင် ပတ်ဝန်းကျင်မှ အသံဗလံများကို တော်ရုံ မကြားနိုင်ကြပါ။ သူသည်လည်း ထိုကဲ့သို့ စူးနစ်ဝင်သွားသည်ဟု ဖူမိကို ထင်မိသည်။

သူ ထပ်ကြိုးစားသည်။

"မင်္ဂလာပါ ... ကျွန်မ ပြောတာ ကြားလားရှင့်"

"ရှင် အချိန်ဖြုန်းနေတာပဲ"

ဖူမိကို့ အနောက်မှ အသံတစ်သံ ရုတ်တရက် ထွက်လာသည်။ အသံပိုင်ရှင်မှာ ကာဇူ ဖြစ်သည်။ ဖူမိကိုသည် ထိုစကားကို သဘောပေါက်ရန် အချိန်ယူလိုက်ရသည်။

'ငါ နေရာချင်း လဲပေးဖို့ပဲ ပြောတာလေ၊ ဘာလို့ အချိန်ဖြုန်းတာ ဖြစ်ရတာလဲ၊ ယဉ်ယဉ်ကျေးကျေး တောင်းဆိုတာက အချိန်ဖြုန်းတာလား၊ ဒါက စည်းမျဉ်း နောက်တစ်ခုလား၊ ဒီစည်းမျဉ်းကို အရင်လိုက်နာရမယ် ဆိုရင် ရှင် အချိန်ဖြုန်းနေတာပဲ ဆိုတာထက် ပိုထိရောက်တဲ့ စကားတစ်ခုခု ပြောသင့်တယ် မဟုတ်ဘူးလား' ဟု သူက တိတ်တိတ်တွေးသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


နောက်ဆုံးတော့ သူက ရိုးရှင်းသည့် မေးခွန်းတစ်ခု မေးလိုက်သည်။

“ဘာလို့လဲ”

သူက ကာဇူ့ကို ကလေးတစ်ယောက်ပမာ အပြစ်ကင်းစင်သည့် မျက်နှာထားဖြင့် ငေးကြည့်ရင်း မေးသည်။

ကာဇူက သူ့မျက်လုံးကို တည့်တည့်ကြည့်ပြီး –

“အဲဒီအမျိုးသမီးက တစ္ဆေမို့လို့” ဟု ပြန်ဖြေသည်။ သူ့အသံသည် အမှန်တရားကို ပြောသည့်အလား အလွန်တည်ငြိမ်၏။

သူ့ခေါင်းထဲတွင် အတွေးများ နောက်တစ်ခါ ဘောင်ဘင်ခတ်သွားပြန်သည်။

‘တစ္ဆေ... တကယ့်တစ္ဆေလား၊ ဘယ်လိုဖြစ်နိုင်မှာလဲ၊ ငါ နားကြားလွဲတာများလား’

“တစ္ဆေ”

“ဟုတ်တယ်”

“ရှင် လာနောက်နေတယ်”

“ဟင့်အင်း ... ကျွန်မ အတည်ပြောနေတာ”

ဖူမိကို တွေဝေသွားသည်။ ဂါဝန်နှင့် အမျိုးသမီးသည် တစ္ဆေဟု မှတ်ယူစရာ တစ်ကွက်လေးမှ မရှိ။ သူက သာမန်လူတစ်ယောက်လိုသာ ဖြစ်သည်။

“ဒီမယ် ... ကျွန်မ ရှင်းရှင်းလင်းလင်း မြင် ......”

“သူ့ကို သေချာကြည့်”

ကာဇူက ဖြတ်ပြောလိုက်သည်။

ဖူမိကိုက မစဉ်းစားတော့ဘဲ သူ့လက်ကို ထိုအမျိုးသမီး၏ ပခုံးဆီ အသာအယာ ဆန့်ထုတ်လိုက်သည်။ ထိတော့မည့် ဆဲဆဲတွင် ကာဇူက –

“ရှင် ထိကြည့်လို့တော့ ရတယ်” ဟု ပြောသည်။

ဖူမိကိုက သူ့စကားကို အတည်ပြုလိုသည့် သဘောဖြင့် အမျိုးသမီး၏ ပခုံးကို ထိကိုင်လိုက်သည်။ သူ၏ ပခုံးနှင့် နူးညံ့ပျော့ပျောင်းသည့် အရေပြားကို ဖုံးအုပ်ထားသော အဝတ်စတို့၏ အထိအတွေ့ကို သူ ခံစားမိသည်။ ဘယ်လိုမှ တစ္ဆေမဖြစ်နိုင်ဟု သူ ယူဆလိုက်သည်။

mgyoe.com

m gyoe.com SAMPLE BOOK

သူက လက်ကို အသာပြန်ရုပ်ပြီး ထိုအမျိုးသမီး၏ ပခုံးပေါ် နောက်တစ်ခါ ထပ်တင်သည်။ ထို့နောက် သူက – 'ဒီမှာကြည့်၊ ကိုင်လို့ ရနေတာ ဘယ်လိုလုပ် တစ္ဆေ ဖြစ်နိုင်မှာလဲ' ဟူသည့် အကြည့်မျိုးနှင့် ကာဇူ့ကို လှည့်ကြည့်လိုက်သည်။

သို့သော် ကာဇူ့ မျက်နှာက တည်ငြိမ် အေးဆေးနေသည်။

"သူက တစ္ဆေ"

"တကယ်လား၊ ဟုတ်လို့လား"

သူက ထိုအမျိုးသမီးဘက် ပြန်လှည့်ပြီး မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"ဟုတ်ပါတယ် ဆို"

ကာဇူက အသေအချာ ပြောသည်။

"မဖြစ်နိုင်တာ၊ ကျွန်မ မယုံနိုင်ဘူး"

သူ့ကို မြင်တွေ့ရသော်လည်း ထိကိုင် မရလျှင်တော့ သူ လက်ခံသည်။ ယခုအခါ မြင်တွေ့နေရသလို ထိကိုင်၍လည်း ရနေသည်။ သူ့တွင် ခြေလက်အင်္ဂါလည်း အစုံအလင် ရှိနေသည်။ သူဖတ်နေသော စာအုပ်အမည်ကို ဖူမိကိုတော့ တစ်ခါမှ မကြားဖူးပေ။ နေရာတိုင်းတွင် ဝယ်ယူရရှိနိုင်သော သာမန်စာအုပ် တစ်အုပ်သာ ဖြစ်လိမ့်မည်။

ဖူမိကိုက သီအိုရီတစ်ခု တွေးမိသွားသည်။

'အတိတ်ကို တကယ် ပြန်သွားလို့ မရဘူး၊ ဒီကော်ဖီဆိုင်က အတိတ်ကို တကယ် ပြန်မပို့ပေးနိုင်ဘူး၊ ဧည့်သည်များလာအောင် နာမည်ကြီးလာအောင် တမင်တကာ ခွင်ဆင်ထားတာ၊ စိတ်ပျက်စရာ ကောင်းတဲ့ စည်းမျဉ်းတွေ မရေမတွက်နိုင်အောင် သတ်မှတ်ထားတယ်၊ အတိတ်ကို ပြန်သွားချင်တဲ့ လူတွေထဲမှာ အနည်းစုကပဲ ပထမစည်းမျဉ်းကို ကျော်ဖြတ်နိုင်မယ်၊ အဲဒီလူနည်းစုထဲက အများစုက ဒုတိယစည်းမျဉ်းကြောင့် အတိတ်ကို ပြန်သွားချင်တဲ့ စိတ်ဆန္ဒကို လက်လျှော့လိုက်ရမယ်၊ စည်းမျဉ်းတွေ အားလုံး လက်ခံနိုင်သူကို နောက်ဆုံးမှာ တစ္ဆေ ဆိုတာနဲ့ ပေးတွေ့ပြီး အရှုံးပေးခိုင်းမယ်၊ အဲဒီအမျိုးသမီးက ဟန်ပြပဲ၊ တစ္ဆေ ဟန်ဆောင်ထားတဲ့ လူတစ်ယောက်ပဲ'

mgyoe.com

ဖူမိကိုက အလျှော့မပေးချင်။

'ဒါ လိမ်ဆင်တွေပဲ၊ ဒါပေမဲ့ ငါ အရှုံးလုပ်မခံနိုင်ဘူး' ဟု သူ့ကိုယ်သူ ပြောသည်။

သူက ဂါဝန်နှင့် အမျိုးသမီးကို ယဉ်ယဉ်ကျေးကျေး ထပ်ပြောသည်။

"ခဏလေးပဲ ကြာမှာပါ၊ ကျေးဇူးပြုပြီး ကျွန်မကို ထိုင်ခွင့်ပေးပါလား"

စကားလုံးများသည် လေထဲ အငွေ့ပြန်သွားသည့်နှယ်။ ထိုအမျိုးသမီးသည် လုံးဝ မတုံ့ပြန်ဘဲ စာအုပ်ကိုသာ ဆက်ဖတ်နေသည်။

တစ်ချက်လေးပင်အရေးစိုက်မခံရသဖြင့် ဖူမိကိုဒေါသထွက်လာသည်။ သူက ထိုအမျိုးသမီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"ရပ်လိုက်၊ ရှင် အဲဒီလို လုပ်လို့ မရဘူး"

ကာဇူက ခပ်ကျယ်ကျယ် အော်ပြောသည်။

"ရှင် တော်သင့်ပြီ၊ ကျွန်မ ပြောတာကို မကြားချင်ယောင် မဆောင်နဲ့တော့"

ဖူမိကိုက ဂါဝန်နှင့် အမျိုးသမီးကို လက်မောင်းမှ အတင်းဆွဲသည်။

ထိုစဉ် ထိုအမျိုးသမီးသည် မျက်လုံးပြူး၍ သူ့ကို စိန်းစိန်းဝါးဝါး ကြည့်လိုက်သည်။ သူ့ခန္ဓာကိုယ် အလေးချိန်က ယခင်ကထက် အဆများစွာ တိုးသွားသည်ကို သူ ခံစားမိသည်။ ဆိုင်ထဲရှိ မီးအလင်းရောင်သည် ဖယောင်းတိုင်မီးပမာ မှိန်ပျသွားသည်။ သွေးပျက်ဖွယ် ငိုညည်းသံကြီးက ကော်ဖီဆိုင်ထဲ ပဲ့တင်ရိုက်လာသည်။

သူ သွက်ချာပါဒ လိုက်သွား၏။ ကြွက်သားတစ်ခုပင် လှုပ်မရတော့။ ဒူးထောက်ကျသွားရာမှ ကြမ်းပြင်ပေါ် ဝမ်းလျားမှောက်သွားသည်။

"အား ... ဘာဖြစ်တာလဲ၊ ဘာတွေ ဖြစ်နေတာလဲ"

ဘာဖြစ်သွားသလဲ သူကိုယ်တိုင် လုံးဝ မသိပေ။ ကာဇူက 'ရှင့်ကို ပြောတယ် မဟုတ်လား' ဆိုသည့် ပုံစံမျိုးနှင့် သူ့ကို ငုံ့ကြည့်နေရင်း -

"ရှင် ကျိန်စာသင့်သွားတာ" ဟု ပြန်ဖြေသည်။

ဖူမိကိုသည် ထိုစကားကို ချက်ချင်း သဘောမပေါက်ပေ။

"ဟင်"

mgyoe.com

မမြင်တွေ့ရသော စွမ်းအားသည် ပို၍ အားကောင်းလာသည်ဟု ထင်ရသည်။ ဖူမိကို၏ မျက်နှာက ကြမ်းပြင်နှင့် ထိကပ်သွားသည်။

"ဘာဖြစ်တာလဲ၊ ဒါ ဘာကြီးလဲ၊ ဘာတွေ ဖြစ်နေတာလဲ"

"ကျိန်စာသင့်သွားတာ၊ ကျွန်မ မတားဘူးလား၊ ရပ်လိုက်လို့ မပြောဘူးလား၊ သူ ရှင့်ကို ပြုစားလိုက်တာ"

ကာဇူသည် ကြမ်းပေါ်တွင် ခြေကားရား လက်ကားရား မှောက်လျက်လဲနေသည့် ဖူမိကို့ကို လျစ်လျူရှု၍ မီးဖိုခန်းထဲ ဝင်သွားသည်။

ဖူမိကိုသည် တစ်ကိုယ်လုံး လှုပ်မရသဖြင့် ကာဇူ ထွက်သွားသည်ကို မမြင်။ သူ့နားရွက်သည် ကြမ်းပြင်နှင့် ကပ်နေသောကြောင့် ကာဇူ၏ ခြေသံများ တဖြည်းဖြည်း တိုးသွားသည်ကိုသာ ကြားရသည်။ သူ အလွန့်အလွန် ကြောက်ရွံ့နေသည်။ သူ့ကိုယ်ပေါ်သို့ ရေခဲရေ လောင်းချလိုက်သလို အေးခနဲ ဖြစ်သွားသည်။

"ရှင် နောက်နေတာလား၊ ကျွန်မကို ကြည့်ပါဦး၊ ဘာလုပ်ရမလဲ"

မည်သူမှ အဖြေပြန် မပေးပါ။ သူ စတင်၍ ခိုက်ခိုက်တုန်လာသည်။ ဂါဝန်နှင့် အမျိုးသမီးက သူ့ကို ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပြုံးကြည့်နေသည်။ အစောတုန်းက တိတ်ဆိတ်ငြိမ်သက်စွာ စာဖတ်နေသည့် အမျိုးသမီးသည် ယခုအခါ အခြားတစ်ယောက်ကဲ့သို့ ပြောင်းလဲသွားသည်။

"ကူညီပါဦး၊ ကျွန်မကို ကူညီပါဦး"

ဖူမိကိုက မီးဖိုခန်းထဲ လှမ်းအော်သည်။

ကာဇူက တည်ငြိမ်စွာ ပြန်ရောက်လာသည်။ ကော်ဖီထည့်ထားသည့် ဖန်ကရားတစ်ခု ကိုင်ထား၏။ ဖူမိကိုက မမြင်ပါ။ သူ့ထံ ဦးတည်လာနေသည့် ခြေသံများကိုတော့ သူ ကြားသည်။ ဘယ်သူ လာသလဲ ဆိုတာကိုတော့ သူ မသိချေ။ ပထမတုန်းက စည်းမျဉ်းများ၊ ထို့နောက် တစ္ဆေ၊ ယခု ကျိန်စာ၊ သူ့ခေါင်းထဲတွင် အရာအားလုံး ရှုပ်ထွေးနေသည်။

ကာဇူသည် ဖူမိကို့ကို ကူညီမည့် အရိပ်အယောင် ဘာတစ်ခုမှ မပြပေ။ ဖူမိကိုက ကူပါ၊ ကယ်ပါဟု အဆက်မပြတ် အော်နေသည်။

ထိုစဉ် ရုတ်တရက် –

"ကော်ဖီ သောက်ဦးမလား" ဟူသည့် အေးဆေး တည်ငြိမ်သော ကာဇူ့ အသံကို ဖူမိကို ကြားလိုက်သည်။

mgyoe.com

mgyoe.com

ဖူမိကို ပြင်းစွာ ဒေါသထွက်လာသည်။ ကာဇူသည် သူ့ကို မကူညီဘဲ ဂါဝန်နှင့် အမျိုးသမီးကို ကော်ဖီသောက်ဦးမလားဟု မေးနေသည် မဟုတ်လော။

'သူက တစ္ဆေလို့ ပြောခဲ့သားပဲ၊ ငါ မယုံတာ ငါ့အမှား၊ သူ့လက်ကို အတင်းဆွဲပြီး နေရာဖယ်ခိုင်းတာလည်း ငါ့အမှားပါ၊ ငါ ကူညီပါဦးလို့ ဒီလောက် အော်တာတောင် သူ ငါ့ကို မကူညီတဲ့အပြင် အဲဒီအမျိုးသမီးကို ကော်ဖီသောက်ဦးမလားဆိုပြီးတော့ပါ သွားမေးသေးတယ်၊ တစ္ဆေက ဘာလို့ ကော်ဖီသောက်တာလဲ'

"ရှင် ကျွန်မကို နောက်နေတာလား"

ဖူမိကိုသည် သည်စကားတစ်ခွန်းသာ ပြောနိုင်တော့သည်။

"သောက်မယ်"

ဂါဝန်နှင့် အမျိုးသမီးက ပြောလိုက်ခြင်း ဖြစ်သည်။ ဖူမိကို၏ ခန္ဓာကိုယ်မှာ ရုတ်တရက် ပေ့ါပါးသွားသည်။ ကျိန်စာ ပြယ်သွားပြီ။ ဖူမိကိုက ဒူးထောက်၍ ကာဇူ့ကို စိုက်ကြည့်နေသည်။ သူ မောဟိုက်နေ၏။

ကာဇူသည် 'ဘာပြောဦးမလဲ' ဆိုသည့် အကြည့်မျိုးဖြင့် သူ့ကို ပြန်ကြည့်ပြီး ပခုံးတွန့်လိုက်သည်။ ဂါဝန်နှင့် အမျိုးသမီးသည် ယခုလေးတင် ငှဲ့ထားသည့် ကော်ဖီကို တစ်ငုံသောက်ပြီး သူ့စာအုပ်ကို ဆက်ဖတ်သည်။

ကာဇူသည် ထွေထွေထူးထူး ဘာမှ ဖြစ်မသွားခဲ့သလို ပုံစံမျိုးနှင့် မီးဖိုခန်းထဲ ဝင်ကာ ကော်ဖီကရားကို သွားထားသည်၊ ဖူမိကိုက သူ့လက်ကို မဝံ့မရဲ ဆန့်ထုတ်၍ ကြောက်စရာကောင်းသော အမျိုးသမီး၏ ပခုံးကို ထိကိုင်ကြည့်သည်။ သူ့လက်ချောင်းများက အထိအတွေ့ကို ခံစားမိသည်။

'သူ တကယ်ရှိတာပဲ' ဖူမိကိုက စိတ်ထဲတွင် ရေရွတ်လိုက်သည်။

ဆန်းကြယ်သည့် ဤအဖြစ်အပျက်ကို သူ နားမလည်ပေ။ သူ ခေါင်းနောက်လာ၏။ ထင်ယောင်ထင်မှား ဖြစ်နေခြင်း မဟုတ်တာကို သူ သိသည်။ မမြင်တွေ့ရသည့် စွမ်းအားတစ်ခုက သူ့ကို ကြမ်းပြင်ပေါ် လဲကျသွားစေပြီး လှုပ်မရအောင် ထိန်းချုပ်ခဲ့သည်။ ဘာတစ်ခုမှ အဓိပ္ပာယ်မရှိဟု ထင်ရသော်လည်း သူ့နှလုံးသည် ထိုအခြေအနေကြောင့် ဂါလန်နှင့်ချီသော သွေးများကို ခန္ဓာကိုယ်အနှံ့ လည်ပတ်စေလိုက်ပြီ။

ဖူမိကိုက မတ်တတ်ရပ်၍ ကောင်တာစားပွဲသို့ လျှောက်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ခေါင်းထဲတွင် ရီဝေဝေ ဖြစ်နေသည်။ ထိုအချိန်တွင် ကာဇူသည် မီးဖိုခန်းထဲမှ ပြန်ရောက်နေပြီ။

"သူက တကယ့်တစ္ဆေလား"

ဖူမီကိုက မေးသည်။

"ဟုတ်တယ်"

သူက တိုတိုတုတ်တုတ် ပြန်ဖြေပြီး သကြားခွက် တစ်ခွက်ထဲ သကြား စဖြည့်လေသည်။

ဖူမီကိုက နောက်တစ်ခါ စဉ်းစားခန်း ဖွင့်သည်။

'လုံးဝ မဖြစ်နိုင်တာ ဖြစ်သွားတယ်၊ တစ္ဆေ ... ကျိန်စာ ... ဒါတွေ တကယ် ဖြစ်သွားတာ ဆိုတော့ လူတွေ ပြောနေကြတဲ့ အချိန်ခရီးသွားတယ် ဆိုတာ တကယ် မှန်လိမ့်မယ်'

ဖူမီကိုသည် ကျိန်စာသင့်ခဲ့ခြင်းကြောင့် အတိတ်ကို ပြန်သွားနိုင်ခြင်း အပေါ် ယုံကြည်လာသည်။ သို့သော် ပြဿနာတစ်ရပ် ရှိနေ၏။ အတိတ်ကို ပြန်သွား လိုလျှင် သတ်မှတ်ထားသည့် ထိုင်ခုံတွင်သာ ထိုင်ရမည်ဟု စည်းမျဉ်းထုတ်ထား သည် မဟုတ်လော။

'အဲဒီထိုင်ခုံမှာ တစ္ဆေ ဆိုတဲ့ အမျိုးသမီး ထိုင်နေတယ်၊ ငါ ဘာပြောပြော သူ မကြားဘူး၊ သူ့ကို အတင်းဆွဲဖယ်တော့ ငါ့ကို ပြုစားတယ်၊ ငါ ဘာလုပ်ရမလဲ'

"ရှင် စောင့်ဖို့ လိုတယ်"

ကာဇူသည် ဖူမီကို၏ အတွေးများကို ကြားနိုင်သည့်ပမာ ပြောသည်။

"ဘယ်လို ... ဘာကို စောင့်ရမှာလဲ"

"သူက တစ်ရက်တစ်ခါ အိမ်သာ ထသွားတတ်တယ်"

"တစ္ဆေက အိမ်သာသွားဖို့ လိုတယ်လား"

"သူ ထသွားတဲ့ အချိန် ရှင် အဲဒီမှာ ထိုင်လို့ ရတယ်"

ဖူမီကိုက ကာဇူ၏ မျက်လုံးများကို စိုက်ကြည့်နေသည်။ ထို့နောက် ခေါင်းညိတ်ပြသည်။

'တစ္ဆေက အိမ်သာသွားဖို့ လိုတယ်လား' ဟူသည့် မေးခွန်းသည် သိချင်စိတ် နှင့် မေးမြန်းခြင်းလော၊ ပြက်ရယ်ပြု၍ မေးမြန်းခြင်းလော၊ ကာဇူ မရေရာပေ။ သူက ထိုအမေးကို လျစ်လျူရှုရန် ဆုံးဖြတ်လိုက်သည်။

mgyoe.com

mgyoe.com

ဖူမီကိုက အသက်ပြင်းပြင်းတစ်ချက် ရှိုက်လိုက်သည်။ သူသည် လွန်ခဲ့သော မိနစ်အနည်းငယ်က ကောက်ရိုးများကို လိုက်လံ ဖမ်းဆုပ်ခဲ့သည်။ ယခုတော့ သူ့လက်ထဲတွင် ကောက်ရိုးတစ်မျှင် ရသွားပြီ၊ သူ လွှတ်မချချင်တော့ပါ။ ကောက်ရိုးတစ်မျှင်မှ အစပြု၍ သန်းကြွယ်သူဌေး ဖြစ်သွားသည့် လူတစ်ယောက်အကြောင်း သူ ကြားဖူးသည်။ သူသည်လည်း သန်းကြွယ် ကောက်ရိုးသူဌေး ဖြစ်လိုလျှင် ကောက်ရိုးတစ်မျှင်ကို လွှင့်မပစ်သင့်ဟု ဖူမီကိုက တွေးသည်။

"ကောင်းပြီ၊ စောင့်မယ်၊ ကျွန်မ စောင့်မယ်"

"သူက တစ်ရက်နဲ့ တစ်ရက် အိမ်သာသွားတဲ့ အချိန် မတူဘူးနော်"

"ရပါတယ်၊ ကျွန်မ စောင့်မယ်၊ ဆိုင်က ဘယ်အချိန် ပိတ်လဲ"

"ည ရှစ်နာရီအထိ ဖွင့်တယ်၊ ရှင် ဆန္ဒရှိရင် ဆိုင်ပိတ်တဲ့ အချိန်အထိ စောင့်လို့ ရပါတယ်"

"ကျေးဇူးပဲနော်"

ဖူမီကိုသည် စားပွဲသုံးလုံးအနက် အလယ်စားပွဲတွင် ထိုင်လိုက်သည်။ လက်ပိုက်၍ အသက်ကို ပြင်းပြင်းရှူသည်။ ဂါဝန်နှင့် အမျိုးသမီးကို စိုက်ကြည့်ရင်း-

'ငါ အဲဒီခုံမှာ ရအောင် ထိုင်မယ်' ဟု သူ့ကိုယ်သူ ပြောသည်။ ထိုအမျိုးသမီးက ထုံးစံအတိုင်း စာဖတ်နေသည်။

ကာဇူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

## တင်း – တောင်

"ကြိုဆိုပါတယ်၊ ကောင်းသော ညနေခင်းပါ"

ကာဇူသည် ဆိုင်တံခါးတွင် တပ်ဆင်ထားသော အချက်ပေး ခေါင်းလောင်းသံ ကြားသည်နှင့် ထုံးစံအတိုင်း နှုတ်ဆက်လိုက်သည်။

"ကိုတာကီ"

ဆိုင်အပေါက်ဝတွင် အသက်လေးဆယ်စွန်းစွန်း ရှိမည် ထင်ရသော အမျိုးသမီးတစ်ဦး ရပ်နေသည်။ သူနာပြု ယူနီဖောင်းထက်ဝယ် အပြာရင့်ရောင် ရင်ကွဲ သိုးမွေးအင်္ကျီ ဝတ်ထားပြီး ပခုံးတစ်ဖက်တွင် ရိုးရှင်းသည့် အိတ်တစ်လုံး လွယ်ထားသည်။ ပြေးလာသည့်ပမာ အနည်းငယ် မောဟိုက်နေသည်။ သူ့ ရင်ဘတ်ကို လက်နှင့် ဖိထားသည်။

mgyoe.com

"ဖုန်းခေါ်ပေးတာ ကျေးဇူးပဲနော်"

သူက မြန်မြန်ပြောသည်။

ကာဇူက အပြုံးတစ်ပွင့်နှင့် ခေါင်းညိတ်ပြပြီး မီးဖိုခန်းထဲ ဝင်သွားသည်။ ကိုတာကီက ဝင်ပေါက်နှင့် အနီးဆုံးစားပွဲသို့ ခြေလှမ်းသုံးလှမ်း လျှောက်သွားသည်။

"ဖူဆာဂျီ"

ကိုတာကီသည် ကလေးတစ်ယောက်ကိုခေါ်သည့်ပမာ နူးညံ့ပျော့ပျောင်းသော အသံဖြင့် ခေါ်သည်။

ဖူဆာဂျီသည် သူ့အမည်ခေါ်သံကို မကြားသည့်ပမာ လုံးဝ မတုံ့ပြန်ပေ။ ခဏကြာတော့မှ မော့ကြည့်ပြီး –

"ကိုတာကီ" ဟု ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မပဲ"

ကိုတာကီက ပီပီသသ ပြောသည်။

"ကို ဒီကို ဘာလာလုပ်တာလဲ"

"အချိန်နည်းနည်းရတာနဲ့ ကော်ဖီတစ်ခွက်လောက် သောက်မလား ဆိုပြီး ထွက်လာခဲ့တာ"

"ဪ"

သူ့အကြည့်က မဂ္ဂဇင်းပေါ် ပြန်ရောက်သွားသည်။ ကိုတာကီက သူ့ကို ကြည့်နေရင်း ဆန့်ကျင်ဘက်ခုံတွင် ထိုင်လိုက်သည်။ ဖူဆာဂျီက ဘာမှ မတုံ့ပြန်ဘဲ စာမျက်နှာအသစ် လှန်လိုက်သည်။

"ကို အခုနောက်ပိုင်း ဒီကို မကြာခဏ လာတယ် ကြားတယ်"

ကိုတာကီသည် သည်ဆိုင်ကို ယခုမှ ပထမဆုံးအကြိမ် ရောက်ဖူးသလို ဆိုင်၏ အကြိုအကြားမကျန် လိုက်ကြည့်ရင်း ပြောသည်။

"ဟုတ်တယ်"

"ဒီဆိုင်ကို ကြိုက်တယ်ပေါ့"

"အထူးတလည် ကြိုက်တာမျိုးတော့ မဟုတ်ပါဘူး"

ဖူဆာဂျီ၏ နှုတ်ခမ်းပေါ်တွင် အပြုံးတစ်စ ရေးရေးထင်သွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကိုယ် စောင့်နေတာ"

သူက တိုးတိုးပြောသည်။

"ဘာကို စောင့်နေတာလဲ"

သူက ဂါဝန်နှင့် အမျိုးသမီးကို လှည့်ကြည့်လိုက်သည်။

"သူ အဲဒီခုံကနေ ထမှာကိုလေ"

"ဘာရယ်"

ဖူမိကိုက လွှတ်ခနဲ ရေရွတ်မိသွားသည်။ ဖူဆာဂျီသည်လည်း သူ့လိုပင် အတိတ်ကို ပြန်သွားရန် စောင့်ဆိုင်းနေသည်ကို သူ အံ့အားသင့်သွားသည်။ နိုးနားထောင်နေခြင်း မဟုတ်သော်လည်း ကော်ဖီဆိုင်က သေးသောကြောင့် ကြားလိုက်ခြင်း ဖြစ်သည်။

ဖူမိကို့ အသံ ထွက်လာသောအခါ ကိုတာကီက လှည့်ကြည့်လိုက်သည်။ ဖူဆာဂျီကတော့ အရေးမစိုက်ပေ။

"ဟုတ်လား"

ကိုတာကီက ပြန်မေးသည်။

"ဟုတ်တယ်"

ဖူဆာဂျီက ကော်ဖီ တစ်ငုံ သောက်လိုက်သည်။

ဖူမိကို တုန်လှုပ်သွားသည်။

'ငါ ပြိုင်ဘက် မရှိချင်ဘူး'

သို့သော် ဖူဆာဂျီက သူ့ထက် တစ်ပန်းသာနေသည်ကို သူ တွေးမိသွားသည်။ ဖူဆာဂျီသည် သူ ကော်ဖီဆိုင်ထဲ ဝင်လာချိန်ကတည်းက ရောက်နှင့်နေပြီ မဟုတ်လော။ လောကဝတ်အရ သူ့ကို ဦးစားပေးရပေမည်၊ အလှည့်ကျော်၍ မဖြစ်။ ထိုအမျိုးသမီးက တစ်နေ့လျှင် တစ်ကြိမ်သာ အိမ်သာ သွားသည်။ ထို့ကြောင့် ထိုခုံတွင် ထိုင်ရန် တစ်နေ့လျှင် အခွင့်အရေး တစ်ကြိမ်တည်းသာ ရှိသည်။ ဖူမိကိုသည် ဖြစ်နိုင်လျှင် ယခုချက်ချင်း အတိတ်ကို ပြန်သွားချင်သည်။ နောက်တစ်ရက် ထပ်မစောင့်နိုင်တော့ပေ။ သူက ဖူဆာဂျီ၏ ရည်ရွယ်ချက် အမှန်ကို ရှင်းရှင်းလင်းလင်း သိနိုင်ရန် ခန္ဓာကိုယ်ကို အနည်းငယ် စောင်းထိုင်လိုက်သည်။

"ကို ဒီနေ့ မထိုင်ရသေးဘူး ပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း"

"အို ... ထိုင်လို့ မရသေးတာပေါ့"

"ဟုတ်တယ်၊ မရသေးတာ"

"ကို အတိတ်ကို ပြန်ရောက်သွားရင် ဘာတွေ လုပ်မလဲ"

ဂါဝန်နှင့် အမျိုးသမီး အိမ်သာ ထသွားသည်ကို ဖူဆာဂျီ စောင့်ဆိုင်းနေခြင်းမှာ ဖူမီကိုအတွက် ပြင်းစွာသော ထိုးနှက်ချက် ဖြစ်သည်။ ဖူမီကိုက စိတ်ပျက်လက်ပျက်နှင့် သူ့ခန္ဓာကိုယ်ကို စားပွဲပေါ် နောက်တစ်ကြိမ် ပြိုလဲစေလိုက်သည်။

"ကို အမှားတစ်ခုခုကို ပြန်ပြင်ချင်လို့လား"

"အမ် ..."

ဖူဆာဂျီက အချိန်ယူ၍ စဉ်းစားလိုက်ပြီး –

"အဲဒါ လျှို့ဝှက်ချက်" ဟု ဖြေသည်။ ထို့နောက် သူက လိုချင်တာ ရသွားသည့် ကလေးတစ်ယောက်ပမာ သွားပေါ်အောင် ပြုံးပြသည်။

"လျှို့ဝှက်ချက်လား"

"အင်း"

ကိုတာကီသည် ဖူဆာဂျီ ထုတ်မပြောသော်လည်း စိတ်ကျေနပ်သွားသည့်နှယ် ပြန်ပြုံးပြပြီး ဂါဝန်နှင့် အမျိုးသမီးကို လှမ်းကြည့်သည်။

"သူ့ကြည့်ရတာ ဒီနေ့ အိမ်သာ သွားမယ့်ပုံ မပေါ်ဘူးနော်"

ဖူမီကိုသည် ထိုစကားကို မမျှော်လင့်ထားချေ။ သူ ခေါင်းထောင်လိုက်သည်။ သူ့လှုပ်ရှားမှုက မြန်ဆန်လှသည်။

'အဲဒီမိန်းမ အိမ်သာ မသွားတော့တာ ဖြစ်နိုင်လား၊ သူ တစ်နေ့တစ်ကြိမ် သွားတယ်လို့ ကာဇူ ပြောတယ်လေ၊ သူ ဒီနေ့အတွက် သွားပြီးပြီလား၊ ဟင့်အင်း ... မဖြစ်နိုင်ဘူး၊ အဲဒီလို မဟုတ်ပါစေနဲ့'

ဖူမီကိုသည် ကိုတာကီ ပြောသလို မဖြစ်ရန် ဆုတောင်းရင်း ဖူဆာဂျီ၏ နှုတ်မှ ထွက်လာမည့် စကားကို စောင့်မျှော်သည်။

"ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်" ဟု ဖူဆာဂျီက ပြန်ပြောသည်။

ဖူမီကိုသည် တစ်စုံတစ်ခု အောင်မိတော့မလို ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ အံ့ဩ တုန်လှုပ်သွား၏။

mgyoe.com

mgyoe.com

SAMPLE BOOK


'အဲဒီမိန်းမ ဘာလို့ အိမ်သာ မသွားတော့မှာလဲ၊ ကိုတာကီ ဆိုတဲ့ မိန်းမ ကကော ဘာသိလို့လဲ'

အဖြေများကို သူ အသည်းအသန် လိုချင်နေသည်။ သို့သော် သူတို့ကို အနှောင့်အယှက် မပေးသင့်ကြောင်း သူ သိသည်။ အခြေအနေကို အကဲခတ်ခြင်း က အရေးကြီးဆုံး ဖြစ်သည်ဟု သူ အမြဲ ယုံကြည်ခဲ့သည်။

"ဒါဆို ကျွန်မတို့ သွားကြမလား ... ဟမ်"

ကိုတာကီက အပျော့ဆွဲ,ဆွဲသည့် လေသံမျိုးနှင့် ညင်ညင်သာသာ ပြောသည်။

ဖူမီကို၏ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာသည်။ ဖူဆာဂျီသာ ထပြန်သွားပါက သူသည်သာ သူ့ပြိုင်ဘက် ဖြစ်တော့မည်။ ဂါဝန်နှင့် အမျိုးသမီး ယနေ့အဖို့ အိမ်သာ သွားပြီးသည် ဖြစ်စေ၊ မသွားရသေးသည် ဖြစ်စေ အရေးမကြီး တော့။

ထိုအမျိုးသမီး ယနေ့ အိမ်သာ သွားမည့်ပုံ မပေါ်ကြောင်း ကိုတာကီ ပြောသောအခါ ဖူဆာဂျီက ထောက်ခံခဲ့သည်။ 'ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်' ဆိုသော စကားသည် ရာနှုန်းပြည့် ဖြစ်နိုင်သည်ဟု အဓိပ္ပာယ် မသက်ရောက်ဟု ဖူမီကိုက ယူဆပြီး စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သူသာ ဖူဆာဂျီ၏ နေရာ၌ ဆိုလျှင် အဆုံးစွန်အထိ စောင့်ဆိုင်းမည်။ ဖူမီကိုသည် ဖူဆာဂျီ ပြန်ပြောမည့် စကားကို စိတ်အားထက်သန်စွာ စောင့်မျှော်နေပုံမျိုး မပေါက်အောင် ကြိုးစား၍ နားထောင်သည်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို အကြားအာရုံခံ ကိရိယာများ ဖြစ်စေ လိုက်သည်။

ဖူဆာဂျီက ဂါဝန်နှင့် အမျိုးသမီးကို ဖျတ်ခနဲ ကြည့်လိုက်ပြီး အချိန် ယူကာ လေးလေးနက်နက် တွေးသည်။

"အိုကေ ... သွားကြတာပေါ့"

ဖူမီကိုသည် စိတ်လှုပ်ရှားကာ နှလုံးခုန်သံများ မြန်ဆန်လာသည်။

"ကော်ဖီ ကုန်အောင် သောက်လိုက်ပါဦးလား"

ကိုတာကီက တစ်ဝက် ကျန်နေသေးသည့် ကော်ဖီခွက်ကို တစ်ချက် ကြည့်၍ ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖူဆာဂျီသည် ယခုအခါ အိမ်ပြန်ရန်သာ စဉ်းစားနေပုံ ရသည်။

"ကိစ္စမရှိပါဘူး၊ ကော်ဖီက အေးတောင် နေပြီ"

သူက စားပွဲပေါ်ရှိ မဂ္ဂဇင်း၊ မှတ်စုစာအုပ်နှင့် ခဲတံတို့ကို ကပြက်တိကပြက်ချော် သိမ်းဆည်းပြီး ထိုင်ခုံမှ ထသည်။ ဆောက်လုပ်ရေး လုပ်သား အများစု ဝတ်လေ့ဝတ်ထရှိသော အနွေးထည်ကို ဝတ်သည်။ ထို့နောက် ငွေရှင်းကောင်တာဆီ လျှောက်သွားသည်။ ကာဇူသည်လည်း မီးဖိုခန်းထဲမှ အချိန်ကိုက် ထွက်လာသည်။ ဖူဆာဂျီက သူ့ကို ပြေစာ ကမ်းပေးပြီး –

"ဘယ်လောက် ကျသလဲ" ဟု မေးသည်။

ကာဇူသည် ခလုတ်နှိပ်လျှင် တဂေါက်ဂေါက် အသံထွက်သော ငွေရှင်းစက်အိုကြီး၏ ခလုတ်များကို ရိုက်နှိပ်သည်။ ထိုအချိန်တွင် ဖူဆာဂျီက အင်္ကျီအိတ်ကပ်၊ ဘောင်းဘီအိတ်ကပ်၊ သူ့ပစ္စည်းများ ထည့်ထားသည့် အိတ်နှင့် သူ မှတ်မိသည့် နေရာမှန်သမျှကို ရှာဖွေနေသည်။

"ထူးဆန်းလိုက်တာ၊ ကျုပ်ပိုက်ဆံအိတ် ..."

ဖူဆာဂျီတစ်ယောက် ပိုက်ဆံအိတ် မပါဘဲ လာခဲ့ပုံရသည်။ ရှာပြီးသား နေရာများကို ထပ်ခါထပ်ခါ ရှာကြည့်သော်လည်း ရှာမတွေ့ပေ။ သူသည် မျက်ရည်များ ဝဲလာတော့မည့်ပမာ သိသိသာသာ ဝမ်းနည်းလာပုံ ရ၏။

ထိုစဉ် ကိုတာကီက ခေါက်ပိုက်ဆံအိတ် တစ်လုံးကို ထုတ်၍ သူ့အရှေ့တွင် မြှောက်ကိုင်လိုက်သည်။

"ဒီမှာ"

အတော်လေး ဟောင်းနေပြီ ဖြစ်သည့် ယောက်ျားကိုင် သားရေခေါက်ပိုက်ဆံအိတ် ဖြစ်သည်။ ပြေစာများစွာဖြင့် ဖောင်းပွနေသည်။ ဖူဆာဂျီက သူ့အရှေ့ရှိ ပိုက်ဆံအိတ်ကို တွေတွေကြီး စိုက်ကြည့်နေမိသည်။ နောက်ဆုံးတော့ သူက စကားတစ်ခွန်းမှ မဆိုဘဲ ပိုက်ဆံအိတ်ကို ယူလိုက်သည်။

"ဘယ်လောက် ကျလဲ"

ဖူဆာဂျီက အကြွေစေ့ထည့်သည့် အကန့်ထဲ လက်နှိုက်သည်။

ကိုတာကီက ငွေရှင်းနေသည့် ဖူဆာဂျီ၏ နံဘေးတွင် တိတ်တဆိတ် ရပ်ကြည့်နေသည်။

"ယန်း သုံးရာ့ရှစ်ဆယ်ပါ"

mgyoe.com

 mgyoe.com SAMPLE BOOK 

ဖူဆာဂျီက အကြွေစေ့တစ်စေ့ ထုတ်၍ ကာဇူ့ကို ပေးသည်။

"ယန်းငါးရာ လက်ခံရရှိပါတယ်"

ကာဇူက ပိုက်ဆံ လှမ်းယူသည်။ အံဆွဲက ချွင်ခနဲ ပွင့်သွားသောအခါ သူက ပြန်အမ်းငွေကို ထုတ်သည်။

"ပြန်အမ်းငွေ ယန်း တစ်ရာ့နှစ်ဆယ်ပါ"

ကာဇူက လက်ခံရရှိကြောင်း ပြေစာနှင့် ပြန်အမ်းငွေကို ဖူဆာဂျီ၏ လက်ထဲသို့ ဂရုတစိုက် ထည့်ပေးလိုက်သည်။

ဖူဆာဂျီက "ကော်ဖီအတွက် ကျေးဇူးပါပဲ" ဟု ပြန်ပြော၍ ပြန်အမ်းငွေကို သူ့ခေါက်ပိုက်ဆံအိတ်ထဲ ကျကျနန ထည့်ပြီး ထိုပိုက်ဆံအိတ်ကို အိတ်အကြီးထဲ ပြန်ထည့်သည်။ ထို့နောက် တံခါးပေါက်ဆီ လျှင်လျှင်မြန်မြန် ဦးတည်သွားပုံကား ကိုတာကီ ပါလာသည်ကိုပင် မေ့လျော့သွားသည်ဟု ထင်ရသည်။

တင်း – တောင်

ကိုတာကီသည် သူ၏ အပြုအမူကြောင့် စိတ်အနှောင့်အယှက် ဖြစ်ပုံမရပါ။ သူသည်လည်း ကျေးဇူးတင်ပါတယ်ဟု ပြောပြီး ဖူဆာဂျီ၊ အနောက်သို့ လိုက်သွားလေသည်။

တင်း – တောင်

"လူထူးဆန်းတွေ"

ဖူမိကိုက ရေရွတ်လိုက်သည်။

ကာဇူသည် ဖူဆာဂျီ ထိုင်ခဲ့သည့် စားပွဲကို ရှင်းလင်းပြီးနောက် မီးဖိုခန်းထဲ ဝင်သွားသည်။

ဖူမိကိုသည်ပြိုင်ဘက်ပေါ်လာခြင်းကြောင့်စိတ်ပျက်သွားခဲ့သေးသည်။ သို့သော် ယခုအခါ ကော်ဖီဆိုင်ထဲတွင် သူနှင့် ဂါဝန်ဝတ်ထားသော အမျိုးသမီးသာ ကျန်တော့သဖြင့် သူ ကျိန်းသေ အောင်မြင်လိမ့်မည်ဟု ယူဆလိုက်သည်။

'ပြိုင်ပွဲကတော့ ပြီးသွားပြီ၊ သူ အဲဒီထိုင်ခုံကနေ ထဖို့ပဲ လိုတော့တယ်' ဟု သူက စိတ်ထဲတွင် ပြောသည်။

mgyoe.com

ကော်ဖီဆိုင်တွင် ပြတင်းပေါက် မရှိပေ။ နံရံကပ်နာရီ သုံးလုံးကလည်း မတူညီသော အချိန်များကို ပြနေသည်။ ဧည့်သည်တစ်ယောက်မှ မလာတော့သဖြင့် ဖူမိကိုသည် အချိန်ကုန် နှေးသလို ခံစားမိသည်။ ထိုအခါ သူက အချိန်မြန်မြန်ကုန်ရန် အတိတ်ကို ပြန်သွားရာ၌ လိုက်နာရမည့် စည်းမျဉ်းများကို ပြန်တွေးလိုက်သည်။

ပထမ စည်းမျဉ်း – 'အတိတ်ကို ပြန်သွားတဲ့အခါ ဒီကော်ဖီဆိုင်ကို ရောက်ဖူးတဲ့ လူတွေနဲ့ပဲ ပြန်တွေ့လို့ ရတယ်'

ဖူမိကိုနှင့် ဂိုရိုတို့ နောက်ဆုံးအကြိမ် တွေ့ခဲ့တာ သည်ကော်ဖီဆိုင်တွင် ဖြစ်သည်။

ဒုတိယ စည်းမျဉ်း – 'အတိတ်ကို ပြန်ရောက်သွားတဲ့အခါ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား၊ ပစ္စုပ္ပန်ကို ပြောင်းလဲလို့ မရဘူး'

ဖူမိကိုသည် လွန်ခဲ့သော တစ်ပတ်ကို ပြန်သွားပြီး ဂိုရိုကို ထွက်မသွားရန် တိုးလျှိုးတောင်းပန်လျှင်ပင် အမေရိကား သွားသည့် အချက်ကို ပြောင်းလဲနိုင်မည် မဟုတ်ပါ။ ဘာကြောင့်လဲ ဆိုတာ သူ သဘောမပေါက်။ ထိုအကြောင်း စဉ်းစားတိုင်း စိတ်ပျက်မိသည်။ သို့သော် စည်းမျဉ်းဖြစ်နေသည့်အတွက် နောက်ဆုံးတော့ သူ အောင့်သက်သက်နှင့် လက်ခံလိုက်သည်။

တတိယ စည်းမျဉ်း – 'အတိတ်ကို ပြန်သွားချင်ရင် သတ်မှတ်ထားတဲ့ ခုံမှာပဲ ထိုင်ရမယ်၊ အဲဒီခုံဟာလည်း တစ်လုံးတည်း ရှိတယ်'

ထိုထိုင်ခုံတွင် တစ္ဆေ ဟူသည့် အမျိုးသမီး ထိုင်နေသည်။ သူ့ကို အတင်းအကျပ် ဖယ်ရှားလျှင် ကျိန်စာသင့်မည်။

စတုတ္ထ စည်းမျဉ်း – 'အတိတ်ကို ရောက်သွားတဲ့အခါ အဲဒီထိုင်ခုံကနေ လုံးဝ ထလို့ မရဘူး'

အတိတ်ကို ပြန်ရောက်သွားလျှင် မည်သည့်အကြောင်းကြောင့်ဖြစ်စေ ထိုထိုင်ခုံမှ ထခွင့် မရှိပေ။

ပဉ္စမ စည်းမျဉ်း – 'အချိန် အကန့်အသတ် ရှိတယ်'

ကာဇူသည် ထိုစည်းမျဉ်းနှင့် စပ်လျဉ်း၍ သူ့ကို တိတိကျကျ မပြောပြထားသဖြင့် ကန့်သတ်ထားသော ထိုအချိန် ဘယ်လောက်ကြာသလဲ ဆိုတာ သူ မသိပေ။

mgyoe.com

mgyoe.com

ဖူမိကိုသည် အချိန်ခရီးသွားခြင်း အကြောင်း အပြန်ပြန် အလှန်လှန် တွေးတောသည်။ အတိတ်ကို ပြန်ရောက်သွားလျှင် သူပြောရမည့် စကားများကို ကြိုတင်စဉ်းစားသည်။ မည်သို့ပင်ဖြစ်စေ ဖြစ်ပျက်ပြီးသော ကိစ္စ ဟူသရွေ့ကို မပြောင်းလဲနိုင်ခြင်းက ထိုဖြစ်စဉ် တစ်ခုလုံးကို အဓိပ္ပာယ်မဲ့သွားစေ၏။ သူသည် စည်းမျဉ်းတစ်ခုစီကို ထပ်ကာထပ်ကာ စဉ်းစားရင်း နောက်ဆုံးတွင် စားပွဲပေါ်၌ ခေါင်းချလျက် အိပ်ပျော်သွားတော့သည်။

ဖူမိကိုသည် တတိယအကြိမ်မြောက် နှစ်ယောက်တည်း တွေ့ဆုံချိန်၌ ဂိုရို၏ အနာဂတ် အိပ်မက်ကို သိရှိခဲ့သည်။ ဂိုရိုသည် ဂိမ်မာတစ်ဦး ဖြစ်သည်။ ကစားသမား အများအပြားနှင့် အွန်လိုင်းပေါ်တွင် ချိတ်ဆက် ကစားရသည့် RPG (Role-Playing Games) အမျိုးအစားများကို အလွန်နှစ်သက်သည်။ သူက ကွန်ပျူတာဖြင့်သာ ကစား၏။ သူ့ဦးလေးသည် Arm Of Magic ဆိုသည့် ကမ္ဘာကျော်ဂိမ်းကို ပရိုဂရမ် ရေးဆွဲခဲ့သူများအနက် တစ်ဦး ဖြစ်သည်။

သူသည် ငယ်စဉ်ကတည်းက ဦးလေး ဖြစ်သူကို အားကျခဲ့သည်။ တစ်နေ့နေ့တွင် သူ့ဦးလေး အလုပ်လုပ်နေသော TIP-G ဂိမ်းကုမ္ပဏီ၌ ပရိုဂရမ် ရေးဆွဲသူတစ်ဦး ဖြစ်လာရမည်ဟု သံန္နိဋ္ဌာန် ချထားသည်။ အလုပ်ဝင်ခွင့် စာမေးပွဲ အောင်မြင်ရန် အချက်နှစ်ချက်ကို လိုက်နာရမည်။ နံပါတ်တစ် အချက်မှာ ဆေးဝါး ကုမ္ပဏီ တစ်ခုခုတွင် နည်းစနစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာ ရာထူးဖြင့် အနည်းဆုံး ငါးနှစ် လုပ်ကိုင်ထားရမည်။ နံပါတ်နှစ် အချက်မှာ မဖြန့်ဖြူးရသေးသော ဂိမ်း တစ်ခုခုကို ကိုယ်တိုင် ဖန်တီးထားရမည်။

လူသားတို့၏ အသက်သည် ဆေးဝါးထုတ်လုပ်သည့် နည်းစနစ်များ၏ လုံခြုံစိတ်ချနိုင်မှုအပေါ် တည်မှီနေသဖြင့် အမှားအယွင်း ဖြစ်၍ မရချေ။ ဂိမ်း နယ်ပယ်တွင်လည်း အဆင့်မြှင့်တင်ခြင်းများ အမြဲမပြတ် ပြုလုပ်နေရခြင်းကြောင့် ဂိမ်မာများသည် ချွတ်ယွင်းမှုများကို ကြုံတွေ့ရလေ့ ရှိသည်။

TIP-G က ထူးခြားသည်။ အကောင်းဆုံး ပရိုဂရမ်မာများ ရရှိရန် ဆေးဝါး

mgyoe.com

ဆိုင်ရာ နယ်ပယ်တစ်ခုခု၌ အတွေ့အကြုံ ရင့်သူများကိုသာ အလုပ်ခန့်၏။ ထိုအကြောင်းကို ဂိုရှိ ပြောပြစဉ်က အလွန်ကောင်းသော ရည်မှန်းချက် ဖြစ်သည်ဟု ဖူမိကိုက ပြောခဲ့သည်။ TIP-G ကုမ္ပဏီ ရုံးချုပ်က အမေရိကားတွင် ရှိသည့် အကြောင်းကိုတော့ သူ မသိခဲ့ပေ။

ခုနစ်ကြိမ်မြောက် တွေ့ဆုံသောအခါ ဖူမိကိုက ချိန်းထားသည့် နေရာသို့ ကြိုရောက်နေသည်။ ထိုအခါ အမျိုးသားနှစ်ယောက်က သူ့ထံ ချဉ်းကပ်လာပြီး မိတ်ဆက်သည်။ သူတို့က ရုပ်ရည် သားသားနားနား ရှိသော်လည်း သူ စိတ်မဝင်စားချေ။ ယောကျ်ားများသည် အမြဲတမ်း သူ့ကို လိုက်လံ ပိုးပန်းကြသဖြင့် ဖူမိကိုသည် သူတို့အားလုံး လက်လျှော့သွားစေမည့် နည်းလမ်းတစ်ခုကို ကြံဆထားရသည်။ သို့သော် ထိုနည်းလမ်း ထုတ်မသုံးခင် ဂိုရှိ ရောက်ချလာပြီး ထိုယောကျ်ားနှစ်ယောက်ကို မနှစ်မြို့စွာ ကြည့်သည်။ ဖူမိကိုက သူ့နံဘေးသို့ အမြန်သွားသည်။ ထိုယောကျ်ားနှစ်ယောက်က ဂိုရှိကို အထင်သေးသည့် အကြည့်မျိုးနှင့် ကြည့်ပြီးနောက် 'ဒီလိုငကြောင်နဲ့ ဘာလို့ ချိန်းတွေ့တာလဲ' ဟု မေးသည်။ ထိုအခါ ဖူမိကိုသည် ရွေးချယ်စရာ မရှိသည့်အဆုံး သူ့အကြံအစည်ကို ထုတ်သုံးရတော့သည်။

ဂိုရှိက ဘာမှ ပြန်မပြောဘဲ ခေါင်းငုံ့နေသော်လည်း ဖူမိကိုက ထိုယောကျ်ားနှစ်ယောက်ကို ရင်ဆိုင်လေသည်။

သူက အင်္ဂလိပ် ဘာသာစကားဖြင့် – "ရှင်တို့ သူ့အရည်အချင်းကို မသိပါဘူး" ဟု ပြောသည်။

ရုရှား ဘာသာစကားဖြင့် – "သူက အလုပ်မှာ ခက်ခဲတဲ့ တာဝန်တွေကို ယူရဲလောက်အောင် ရဲရင့်တယ်" ဟု ပြောသည်။

ပြင်သစ်ဘာသာစကားဖြင့် –"သူကလွယ်လွယ်နဲ့ အရှုံးမပေးတတ်ဘူး" ဟု ပြောသည်။

ဂရိ ဘာသာစကားဖြင့် – "သူ့မှာ မဖြစ်နိုင်တာတွေကို ဖြစ်အောင် လုပ်နိုင်တဲ့ အရည်အချင်း ရှိတယ်" ဟု ပြောသည်။

အီတလီ ဘာသာစကားဖြင့် – "သူက သူ့အရည်အသွေးကို တိုးတက်လာအောင် ဘယ်လို လုပ်ရမယ် ဆိုတာ သိတယ်" ဟု ပြောသည်။

mgyoe.com

စပိန် ဘာသာစကားဖြင့် – "သူ့အရည်အချင်းက ကျွန်မ မြင်ဖူးတဲ့ တခြားယောကျ်ားတွေထက် အပုံကြီး သာတယ်" ဟု ပြောသည်။

နောက်ဆုံးတွင် ဂျပန် ဘာသာစကားဖြင့် – "ကျွန်မ ပြောတာတွေကို ရှင်တို့ နားလည်မယ် ဆိုရင် ကျွန်မ ရှင်တို့နဲ့တွဲဖို့ ဝန်မလေးဘူး" ဟု ပြောလိုက်သည်။

ထိုအခါ ယောကျ်ားနှစ်ယောက်လုံး ကြောင်စီစီ ဖြစ်သွားသည်။ လမ်းပေါ်တွင် မလှုပ်မယှက် ရပ်ကာ သူတို့အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် အကြည့်ချင်း ဖလှယ်ပြီးနောက် ထွက်သွားကြသည်။

ဖူမိကိုက ဂိုရိုကို သွားပေါ်အောင် ပြုံးပြလိုက်ပြီး ပေါ်တူဂီ ဘာသာစကားဖြင့် – "အခုနက ပြောသွားတာတွေကို ရှင် နားလည်မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ထိုအခါ ဂိုရိုက ရှက်ကိုးရှက်ကန်းနှင့် ခေါင်းညိတ်ပြသည်။

ဆယ်ကြိမ်မြောက် တွေ့ဆုံသောအခါ ဂိုရိုသည် သူ တစ်ခါမှ ရည်းစား မထားဖူးကြောင်း ဝန်ခံပြောကြားသည်။

ထိုအခါ ဖူမိကိုက –

"ဒါဆိုရင် ကျွန်မက ရှင့်ရဲ့ပထမဆုံး ရည်းစားပေါ့" ဟု ရွှင်ရွှင်ပျပျ ပြန်ပြောခဲ့ရာ ဂိုရိုသည် အံ့အားသင့်၍ မျက်လုံးများ ပြူးသွားလေသည်။

ထိုညသည် သူတို့၏ ချစ်သူဘဝ စတင်သော ည ဖြစ်ခဲ့လေသည်။

ဂါဝန်နှင့် အမျိုးသမီးသည် သူ ဖတ်နေသော စာအုပ်ကို ရုတ်တရက် အရှိန်နှင့်ပိတ်ပြီး သက်ပြင်းချသည်။ လက်ကိုင်အိတ်ထဲမှ အဖြူရောင် လက်ကိုင်ပဝါကို ထုတ်ပြီး ညင်သာစွာ မတ်တတ် ရပ်လိုက်သည်။ ထို့နောက် အိမ်သာဘက် ထွက်သွားသည်။

ဖူမိကိုမှာ အိပ်ပျော်နေသဖြင့် သူ ထသွားသည်ကို မသိလိုက်ပေ။ ကာဇူက မီးဖိုခန်းထဲမှ ထွက်လာသည်။ သူသည် ဝန်ထမ်းယူနီဖောင်း ဖြစ်သော

mgyoe.com

 mgyoe.com SAMPLE BOOK 

ရှပ်အင်္ကျီ အဖြူ၊ နက်ခ်တိုင် အမည်း၊ ဝေ့စ်ကုတ်၊ ဘောင်းဘီ အမည်းနှင့် ရှေ့ဖုံးခါးစည်းတို့ကို ဝတ်ထားဆဲ ဖြစ်သည်။ သူက စားပွဲတစ်လုံးကို သန့်ရှင်းရေး လုပ်ရင်း ဖူမိကိုကို နှုတ်ဆက်လိုက်သည်။

"အစ်မ ... အစ်မ"

"ဟင်"

ဖူမိကိုက တအံ့တသြ ထထိုင်လိုက်သည်။ ထို့နောက် မျက်တောင် တဖျပ်ဖျပ် ခတ်၍ တစ်ဆိုင်လုံးကို ဝေ့ကြည့်လိုက်ရာ ဂါဝန်အဖြူနှင့် အမျိုးသမီး မရှိတော့သည်ကို သတိထားမိသွား၏။

"အို"

"ထိုင်ခုံ လွတ်သွားပြီ၊ ရှင် ထိုင်ချင်လား"

"ထိုင်ချင်တာပေ့ါ"

ဖူမိကိုက သုတ်သုတ်ပျာပျာ မတ်တတ်ရပ်၍ အတိတ်ကို ပြန်ပို့ပေး နိုင်သည် ဆိုသော ထိုင်ခုံဆီ သွက်သွက်လျှောက်သွားသည်။ ထိုထိုင်ခုံသည် သာမန် ထိုင်ခုံ တစ်ခုံထက် မပိုပါ။ ထိုင်ခုံအရှေ့သို့ ရောက်သောအခါ သူ့နှလုံး ခုန်နှုန်းက မြန်ဆန်လာသည်။ နောက်ဆုံးတော့ စည်းမျဉ်းသတ်မှတ်ချက်များနှင့် ကျိန်စာတို့ကို ကျော်ဖြတ်ကာ အချိန်ခရီးသွားလက်မှတ်ကို ရရှိလေပြီ။

"ဟုတ်ပြီ၊ ကျွန်မကို ပြီးခဲ့တဲ့ တစ်ပတ်ကို ပို့ပေးပါ"

ဖူမိကိုကအသက်ကိုပြင်းပြင်းရှူသွင်းသည်။စားပွဲနှင့်ထိုင်ခုံအကြားသို့ ကိုယ်ကို ဂရုတစိုက် ကျုံ့ဝင်၍ လွန်ခဲ့သော တစ်ပတ်ကို အာရုံပြုရင်း ထိုင်ချ လိုက်သည်။ စိတ်လှုပ်ရှားမှုက အထွတ်အထိပ်သို့ ရောက်ရှိနေရာ အားပါပါနှင့် ထိုင်ချမိသွားသည်။

"ပြီးခဲ့တဲ့ တစ်ပတ်ကို ပြန်သွားမယ်"

သူ့နှလုံးက တဒိန်းဒိန်း ခုန်နေသည်။ ဖူမိကိုက ဘေးဘီဝဲယာကို ကြည့်လိုက်၏။ သည်ဆိုင်တွင် ပြတင်းပေါက် မရှိသဖြင့် နေ့လား၊ ညလား မသိရ ပေ။ နံရံကပ်နာရီအို သုံးလုံးက မတူညီသော အချိန်များကို ညွှန်ပြနေသည်။ တစ်စုံတစ်ခုတော့ ပြောင်းလဲနေရမည်ဟု သူ တွေးရင်း တစ်ဆိုင်လုံးကို ပျာယာ ခတ်စွာ လိုက်ကြည့်ရင်း အတိတ်ကို ပြန်ရောက်သွားပြီဟု ယူဆနိုင်သော အရိပ်အယောင် တစ်ခုခုကို ရှာဖွေသည်။ သို့သော် ကွာခြားချက် တစ်ခုလေးမှ

mgyoe.com

မတွေ့။ သူသာ လွန်ခဲ့သော တစ်ပတ်ကို အမှန်တကယ် ရောက်ရှိသွားပါမူ သည် နေရာတွင် ဂိုရို ရှိနေပေလိမ့်မည်။ ယခုတော့ သူ့ကို မတွေ့ရပေ။

"ကျွန်မ အတိတ်ကိုလည်း ပြန်မရောက်ပါလား"

ဖူမီကိုက ရေရွတ်လိုက်သည်။

'ငါ အရူးလုပ် ခံလိုက်ရပြီလို့ မပြောကြစမ်းပါနဲ့' ဟု သူက စိတ်ထဲတွင် ရေရွတ်လိုက်သည်။

ထိုစဉ် ကာဇူက သူ့နံဘေးသို့ ရောက်လာသည်။ လက်ထဲတွင် ငွေကရား တစ်ခုနှင့် အဖြူရောင် ကော်ဖီခွက်တစ်ခွက်တို့ တင်ထားသော ငွေလင်ပန်းကို ကိုင်ထားသည်။

"ကျွန်မ အခုထိ အတိတ်ကို ပြန်မရောက်ဘူး"

ကာဇူ၏ မျက်နှာက ထုံးစံအတိုင်း အေးတိအေးစက်။

"စည်းမျဉ်း နောက်တစ်ခု ကျန်သေးတယ်"

သူက တည်ငြိမ်စွာ ဆိုသည်။

"ဟင် ... စည်းမျဉ်း နောက်တစ်ခု ... စည်းမျဉ်းတွေ ကျန်နေသေးတာလား"

ဖူမီကို လက်လျှော့ချင်စိတ် ဖြစ်ပေါ်လာသည်။ သို့သော် တစ်ချိန်တည်း မှာပင် စိတ်သက်သာရာ ရမိသည်။ သူ အတိတ်ကို ပြန်သွားနိုင်သေးသည် မဟုတ်လော။

ကာဇူသည် သူ၏ ခံစားချက်အပေါ် စိတ်ဝင်စားမှု တစ်စုံတစ်ရာပင် မဖော်ပြဘဲ ဆက်ရှင်းပြသည်။

"ကျွန်မ ရှင့်အတွက် ကော်ဖီတစ်ခွက် ငှဲ့ပေးမယ်"

"ကော်ဖီ ... ဘာလုပ်ဖို့လဲ"

"ဒီခွက်ထဲကို ကော်ဖီ လောင်းထည့်လိုက်တာနဲ့ ရှင် အတိတ်ကို ရောက်သွားမယ်၊ ကော်ဖီ အေးမသွားခင် ရှင် ပြန်လာရမယ်"

ဖူမီကို၏ ယုံကြည်မှုက လျှပ်စီးပမာ လျင်မြန်စွာ ပျောက်ကွယ်သွားသည်။

"ဟင် ... အဲဒီလောက်တောင် မြန်တယ်လား"

"နောက်ဆုံးနဲ့ အရေးကြီးဆုံး စည်းမျဉ်းကတော့ ......"

mgyoe.com

'မပြီးနိုင် မစီးနိုင်တဲ့ စည်းမျဉ်းတွေ' ဟု သူက တွေးသည်။ အတိတ်ကို ပြန်သွားရန် သူ မစောင့်နိုင်တော့ပါ။

"စည်းမျဉ်းတွေကလည်း များလိုက်တာ"

ဖူမိကိုသည် သူ့အရှေ့တွင် ချထားသော ကော်ဖီခွက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ရေရွတ်လိုက်သည်။ ထိုခွက်သည် ကော်ဖီ မထည့်ရသေးသော သာမန်ခွက် တစ်ခွက်သာ ဖြစ်သည်။ သို့သော် အခြားကြွေခွက်များထက် ပိုအေးသည်ဟု သူ ထင်မိသည်။

"ရှင် နားထောင်နေလား၊ ရှင် ပစ္စုပ္ပန်ကို ပြန်လာတဲ့အခါ ကော်ဖီတွေ အေးမသွားခင် တစ်ခွက်လုံး ကုန်အောင် သောက်ရမယ်နော်"

"အမ် ... ကျွန်မ ကော်ဖီ အဲဒီလောက် မကြိုက်ဘူး"

ကာဇူက မျက်လုံးပြူး၍ သူ့မျက်နှာကို ဖူမိကို့ နှာခေါင်းထိပ်နှင့် တစ်လက်မ အနီးသို့ တိုးကပ်လိုက်ပြီး –

"အဲဒါက ရှင် မဖြစ်မနေ လိုက်နာရမယ့် စည်းမျဉ်းပဲ" ဟု တိုးတိုးလေး ပြောသည်။

"တကယ်လား"

"ရှင် မလိုက်နာရင် ကံဆိုးမိုးမှောင် ကျသွားလိမ့်မယ်"

"ဘာ ... ဘာရယ်"

ဖူမိကို စိတ်တာထင့်ထင့် ဖြစ်လာသည်။ အချိန်ခရီးသွားခြင်းသည် သဘာဝ နိယာမတရားကို လွန်ဆန်ခြင်းဖြစ်ရာ စွန့်စားမှုများနှင့် ကြုံတွေ့ကောင်း ကြုံတွေ့ရမည် ဖြစ်သော်လည်း ကံဆိုးမိုးမှောင် ကျခြင်း မျိုးကိုတော့ သူ မမျှော်လင့်ထားပေ။ ယခုနေရာအထိ ရောက်လာခဲ့ပြီးမှတော့ သူ နောက်ပြန် မလှည့်ချင်။ ဖူမိကိုက ကာဇူ၏ မျက်လုံးများကို စိုးရိမ်တကြီး ကြည့်လိုက်သည်။

"ဘာဖြစ်မှာလဲ ဟင်"

"ကော်ဖီတွေ အေးမသွားခင် မသောက်လိုက်ဘူး ဆိုရင် ......"

"မသောက်လိုက်ဘူး ဆိုရင် ......"

"ဒီထိုင်ခုံမှာ တစ္ဆေအဖြစ် ထိုင်ရမယ့် သူက ရှင် ဖြစ်သွားလိမ့်မယ်"

ဖူမိကိုသည် ခေါင်းကို မိုးကြိုးထိမှန်သွားသလို ခံစားလိုက်ရသည်။

"အစောတုန်းက ဒီမှာ ထိုင်နေတဲ့ အမျိုးသမီးက ......"

mgyoe.com

mgyoe.com
SAMPLE BOOK


"စည်းမျဉ်းကို မလိုက်နာလို့လား"

"ဟုတ်တယ်၊ သူက ကွယ်လွန်သွားတဲ့ သူ့ခင်ပွန်းနဲ့ ပြန်သွားတွေ့တာ၊ သူ အချိန်လွန်သွားတာလေ၊ ပစ္စုပ္ပန်ကို ပြန်လာဖို့ သတိရတဲ့ အချိန် ကော်ဖီတွေက အေးနေပြီ"

"အဲဒါနဲ့ သူ တစ္ဆေ ဖြစ်သွားတယ်ပေါ့"

"ဟုတ်တယ်"

'ဒါ ငါ ထင်ထားတာထက် အန္တရာယ် ပိုများတာပဲ' ဟု ဖူမိကိုက တွေးသည်။ အချိန်ခရီးသွားခြင်း၌ စိတ်ရှုပ်ဖွယ် ကောင်းသော စည်းမျဉ်းများစွာ ရှိသည်။ တစ္ဆေတွေ့ခြင်းနှင့် ပြုစားခံရခြင်းတို့ကလည်း အတော်အတန် ထူးဆန်းလှသည်။ ယခု ကြုံတွေ့ရမည့် အရာများက ပို၍ပင် ဆိုးသေးသည်။

'ဟုတ်ပြီ၊ ငါ အတိတ်ကို ပြန်သွားတယ် ဆိုပါတော့၊ ကော်ဖီ အေး မသွားခင်အထိ အချိန်ရမယ်၊ ဒီရာသီဉတုမှာ ကော်ဖီအပူက ဘယ်လောက် ကြာရင် အေးသွားသလဲတော့ ငါ တိတိကျကျ မသိဘူး၊ သိပ်ကြာမှာတော့ မဟုတ်ဘူး၊ အရသာ တော်တော်ဆိုးရင်တော့ အချိန်ယူပြီး ကုန်အောင် သောက်ရလိမ့်မယ်၊ စိုးရိမ်စရာ မဟုတ်ပါဘူး၊ တကယ်လို့ ငါ မသောက်လိုက်ဘူး ဆိုရင်တော့ တစ္ဆေ ဖြစ်သွားလိမ့်မယ်၊ အဲဒါကမှ ကြောက်စရာ၊ အတိတ်ကို ပြန်သွားလည်း ပစ္စုပ္ပန်ကို မပြောင်းလဲနိုင်ဘူး ဆိုတော့ အတိတ်ကို ပြန်မသွားတော့ရင် စွန့်စားစရာ ဘာမှ မရှိတော့ဘူး၊ အပေါင်းလက္ခဏာ မဆောင်သလို အနုတ်လက္ခဏာလည်း မဆောင်ဘူး၊ တစ္ဆေ ဖြစ်သွားမှာကတော့ လုံးဝ အနုတ်လက္ခဏာပဲ'

ဖူမိကို ဝေခွဲမရ ဖြစ်လာသည်။ ကာဇူ ထည့်ပေးမည့် ကော်ဖီ၏ အရသာ ဆိုးရွားနေမည်ကို သူ တွေးပူမိသည်။

'အနံ့ သိပ်ပြင်းရင် ဘယ်လို လုပ်ရမလဲ၊ ဝါဆာဘီ အနံ့ကြီးဆို တစ်ခွက်လုံး ကုန်အောင် ဘယ်လို သောက်မလဲ'

ဖူမိကိုက ခေါင်းခါ၍ စိုးရိမ်ကြောင့်ကြမှုများကို လွင့်စင်သွားစေလိုက်သည်။

"ကောင်းပြီ၊ ကော်ဖီကို အေးမသွားခင် သောက်လိုက်ရင် ရပြီ မဟုတ်လား"

"ရပါပြီ"

mgyoe.com

သူ့စိတ်က အသင့်ဖြစ်သွားပြီ၊ ခေါင်းမာမှုက သူ့နှလုံးသားထဲ အမြစ်တွယ်နေသည်။

ကာဇူက သူ့နံဘေးတွင် မထုံတက်သေး ရပ်နေသည်။ ဖူမီကိုက မျက်လုံးများကို ပိတ်သည်။ တင်းတင်းဆုပ်ထားသော လက်နှစ်ဖက်ကို ပေါင်ပေါ် တင်သည်။ အသက်ကို ပြင်းပြင်းရှူသည်။

"ကျွန်မ အသင့်ဖြစ်ပြီ"

သူက ကာဇူ၏ မျက်လုံးများကို တည့်တည့် ကြည့်လိုက်သည်။

"ကျေးဇူးပြုပြီး ကော်ဖီ ငှဲ့ပေးပါ"

ကာဇူက ဆတ်ခနဲ ခေါင်းညိတ်၍ လင်ပန်းပေါ်ရှိ ငွေကရားကို ညာဘက်လက်ဖြင့် ယူလိုက်သည်၊ ဖူမီကို့ကို ကြည့်ပြီး –

"ကော်ဖီကို အေးမသွားခင် သောက်လိုက်ဖို့ မမေ့နဲ့နော်" ဟု တီးတိုးပြောသည်။

ထို့နောက် ကာဇူသည် ကြွေခွက်အလွတ်ထဲ ကော်ဖီ လောင်းထည့်လိုက်၏။ သူက ပုံမှန်အတိုင်း လောင်းထည့်လိုက်ခြင်း ဖြစ်သော်ငြားလည်း အရည်များက ကြော့ကြော့မော့မော့လေး တဝဲလည်လည် ရွေ့လျားသွားသည်။

အပူငွေ့များသည် ခွက်တစ်ခွက်လုံးကို နေရာယူလာပြီး တရိပ်ရိပ်တက်ကာ စားပွဲပတ်ပတ်လည်ကို စတင်လွှမ်းခြုံလာသည်။ ဖူမီကိုက ကြောက်လာသဖြင့် မျက်လုံးများကို ပိတ်ထားလိုက်သည်။ အပူငွေ့များ၏ အထိအတွေ့ကို သူ ခံစားသိရှိသည်။ ထိုအငွေ့များသည် တဖြည်းဖြည်း စွမ်းအား ပြင်းလာသည်။ သူက လက်များကို ပို၍ တင်းကျပ်စွာ ဆုပ်ထားသည်။

'ဒီအတိုင်းသာ ဆက်သွားရင်တော့ ငါ အတိတ်ကိုရော ပစ္စုပ္ပန်ကိုရော ပြန်ရောက်မှာ မဟုတ်တော့ဘူး' ဟု သူ့ကိုယ်သူ ပြောသည်။

စိုးရိမ်ကြောင့်ကြမှုများ၏ လွှမ်းမိုးခြင်းကို ခံနေရသည့်ကြားက ဂိုရိုနှင့် ပထမဆုံးတွေ့သည့် အချိန်ကာလကို မြင်ယောင်ကြည့်လိုက်လေသည်။

mgyoe.com

mgyoe.com

ဖူမီကိုသည် ဂိုရိုနှင့် လွန်ခဲ့သောသုံးနှစ် နွေဦးကာလ၌ တွေ့ခဲ့ကြသည်။ ထိုအချိန်တွင် သူ့အသက်က နှစ်ဆယ့်ခြောက်နှစ် ... ဂိုရိုထက် သုံးနှစ် ကြီးသည်။ သူတို့သည် အခြားကုမ္ပဏီများကို ဝန်ဆောင်မှု ပြန်ပေးသော ကုမ္ပဏီတွင် အလုပ်လုပ်ကြသည်။ အလုပ်လုပ်ပေးရသည့် ကုမ္ပဏီကတော့ မတူညီပေ။ ဖူမီကိုက အလုပ်လာအပ်သော ကုမ္ပဏီအားလုံးအတွက် စီမံကိန်း ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူထားသည်။

သူသည် အရေးကြီးလျှင် အထက်အရာရှိများကိုပင် ဖြစ်စေ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည်။ သူ့ထက် လုပ်သက်ရင့်သူများနှင့်လည်း ငြင်းခုံမှုများ ရှိခဲ့သည်။ သို့သော် မည်သူကမှ သူ့ကို အပြစ်မရှာပေ။ သူသည် အမြဲတမ်း ရိုးသားသည်၊ ပွင့်လင်းသည်။ သူ၏ အလုပ်ကို မခိုမကတတ်ဘဲ ကြိုးစားလုပ်တတ်သည့် စိတ်ကို လူအများ ချီးမွမ်းကြသည်။

ဂိုရိုသည် သူ့ထက် သုံးနှစ်ငယ်သော်လည်း အသက်သုံးဆယ်အရွယ် ယောက်ျားတစ်ယောက်ကဲ့သို့ ပုံပန်းသဏ္ဌာန် ရှိသည်။ အသက်နှင့်မလိုက်အောင် ရုပ်ရင့်သည်ဟု ဆိုရမည်။ ဖူမီကိုက အစပိုင်းတွင် ဂိုရိုကို သူ့ထက်ကြီးသည်ဟု ထင်မှတ်၍ ယဉ်ယဉ်ကျေးကျေး စကားဆိုသည်။ နောက်တော့မှ ဂိုရိုသည် သူ့အဖွဲ့ထဲတွင် အငယ်ဆုံးနှင့် အတော်ဆုံး ဖြစ်ကြောင်း သိလာသည်။ သူသည် အလုပ်ကို တိတ်တိတ်ဆိတ်ဆိတ် လုပ်တတ်သော ကျွမ်းကျင်အဆင့် အင်ဂျင်နီယာ ဖြစ်ရာ သူ့ကို အားကိုးအားထားနိုင်ကြောင်း ဖူမီကို တဖြည်းဖြည်း မြင်လာသည်။

တစ်နေ့သောအခါ ...... ဖူမီကို ဦးစီးလုပ်ကိုင်နေသည့် စီမံကိန်းမှာ ပြီးလုနီးနီး ဖြစ်နေသည်။ သို့သော် အလုပ်ရှင်ထံ အပ်နှံရတော့မည့်ဆဲဆဲတွင် စိုးရိမ်ဖွယ် ချွတ်ယွင်းမှုတစ်ခု ပေါ်လာသည်။ ပရိုဂရမ် ရေးဆွဲရာ၌ အမှားတစ်ခု ပါသွားခဲ့သည်။ ဆေးဝါးဆိုင်ရာ နည်းပညာတစ်ခု၏ ပရိုဂရမ် ဖြစ်သောကြောင့် အမှားသေးသေးလေးပင် ပါ၍ မရချေ။ ထိုအမှားကို ရှာဖွေခြင်းသည် နှစ်ဆယ့်ငါးမီတာ ရေကူးကန်ထဲ ကျသွားသော မင်ရည်တစ်စက်ကို ပြန်စစ်ယူရသည့်ပမာ ခက်ခဲလှသည်။ ထို့အပြင် အချိန်လည်း သိပ်မကျန်တော့သဖြင့် အချိန်မီ ဖြေရှင်းဖို့ရာ လုံးဝ မဖြစ်နိုင်တော့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဖူမိကိုသည် ထိုစီမံကိန်း၏ ခေါင်းဆောင် ဖြစ်သောကြောင့် တစ်စုံတစ်ခု မှားယွင်းသွားလျှင် တာဝန်ယူရမည်။ အချိန်က တစ်ပတ်သာ ကျန်တော့သည်။ ထိုချွတ်ချော်မှုကို အဖြေရှာမည် ဆိုလျှင် အနည်းဆုံး တစ်လခန့် အချိန်ယူရမည် ဖြစ်ရာ အဖွဲ့သားအားလုံးက လက်လျှော့လိုက်ကြသည်။ ဖူမိကိုက နုတ်ထွက်စာ တင်ရန် စဉ်းစားသည်။ ထိုအရှုပ်အထွေးကြားတွင် ဂိုရိုတစ်ယောက် ရုတ်တရက် ပျောက်သွားသည်။ မည်သူကမှ ဆက်သွယ် မရပေ။ ချွတ်ယွင်းမှုသည် သူ့အမှား ဖြစ်သောကြောင့် မျက်နှာမပြရဲသဖြင့် ထွက်ပြေးသွားခြင်း ဖြစ်သည်ဟု တစ်ယောက်စ၊ နှစ်ယောက်စ ဝေဖန်ပြောဆိုရာမှ လူအားလုံး သံသယ ဝင်လာကြလေသည်။

တကယ်တမ်းတော့ သူ့အမှား ဖြစ်ကြောင်း မည်သူမှ လက်ဆုပ်လက်ကိုင် သက်သေ မပြနိုင်ပါ။ သို့သော် တာဝန်ခံရတော့မည့် အခြေအနေမျိုးတွင် တစ်စုံတစ်ယောက်အပေါ် အပြစ်ပုံချခြင်းက အကောင်းဆုံး ဖြေရှင်းနည်း မဟုတ်လော။ ဂိုရိုသည် ထိုအချိန်၌ ပျောက်ခြင်းမလှ ပျောက်နေသောကြောင့် ကြားဝင် အပြစ်ခံရမည့်သူ ဖြစ်လာသည်။ သူ့ကို သံသယဝင်သူများတွင် ဖူမိကိုလည်း ပါဝင်သည်။ လေးရက်မြောက်နေ့တွင် သူ ရုတ်တရက် ပြန်ပေါ်လာသည်။ ချွတ်ယွင်းချက်ကို ရှာတွေ့ထားသည့် သတင်းလည်း သူနှင့်အတူ ပါလာ၏။

ဂိုရိုသည် မုတ်ဆိတ်မွေးများ မရိတ်သင်ထားသလို အနံ့အသက်လည်း သိပ်မကောင်းပေ။ နွမ်းလျနေသော မျက်နှာအရ မအိပ်မနေ အဖြေရှာခဲ့ပုံရသည်။ ဖူမိကိုအပါအဝင် အဖွဲ့သားအားလုံးသည် လုပ်နိုင်မည်ဟု မထင်မှတ်သောကြောင့် အစကတည်းက လက်လျှော့ခဲ့၏။ ဂိုရိုကတော့ ပြဿနာကို အံ့အားသင့်ဖွယ် တစ်ယောက်တည်း ဖြေရှင်းခဲ့သည်။ ခွင့်မတိုင်ကြားဘဲ အလုပ်ပျက်ခြင်းနှင့် မည်သူ့ကိုမှ အဆက်အသွယ် မလုပ်ခြင်းသည် ဝန်ထမ်းစည်းကမ်းကို ချိုးဖောက်ခြင်း ဖြစ်သော်လည်း သူသည် မည်သူမှ မတတ်စွမ်းနိုင်သည့် အလုပ်ကို လုပ်ခဲ့သည်။ သူသည် သူမတူအောင် ထူးချွန်သော ပရိုဂရမ်မာတစ်ဦး ဖြစ်ပေသည်။

ဖူမိကိုသည် ချွတ်ယွင်းချက်က သူ့အမှားဟု ထင်မိသည့် အကြောင်း ဝန်ခံပြောကြား၍ တောင်းပန်သောအခါ ဂိုရိုက ပြုံး၍ "ကိစ္စမရှိပါဘူး၊ ကျွန်တော့်ကို ကော်ဖီတစ်ခွက်လောက်တော့ ဝယ်တိုက်မယ် မဟုတ်လား" ဟု ပြန်ပြောခဲ့သည်။

mgyoe.com